ဓမ္မမိတ်ဆွေများအသင်းဓမ္မဂျာနယ်

# ဟေမန်ဦးစာစောင်



ဓမ္မမိတ်ဆွေများအသင်းမှထုတ်ဝေသည်။

2010, November 21st, Sunday

ဓမ္မမိတ်ဆွေများအသင်းဓမ္မဂျာနယ်

# ဟေမန္တဦး စာစောင်

အမှတ်စဉ်(၁၁)

November 21, 2010. Sunday

## မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | မာတိကာ | | ၂ |
| ၂။ | ဓမ္မမိတ်ဆွေများအသင်း၏ယုံကြည်ချက်နှင့်အဓိဋ္ဌာန် | | ၃ |
| ၃။ | ဂါရဝေါစနိဝါတောစ(သို့)နွေးထွေးကြင်နာဆွေးနွေးပါမင်းကွန်းတိပိဋကဓရဆရာတော်ကြီး | | ၄ |
| ၄။ | သစ္စာအဓိဋ္ဌာန်(ကဗျာ) | အရှင်ကေလာသ(မစိုးရိမ်) | ၅ |
| ၅။ | နှစ်သက်အပ်ရာကျိုးများစွာ | မစိုးရိမ်ဆရာတော်ကြီး | ၆ |
| ၆။ | သုခနိဗ္ဗာန်အဆုံးတိုင်(ကဗျာ) | အရှင်ကေလာသ(မစိုးရိမ်) | ၉ |
| ၇။ | ဓာတ်တော်နှင့်ရောင်ခြည်တော် | တက္ကသိုလ်သောတုဇန | ၁၀ |
| ၈။ | ကြိုးစားဖို့သာလိုရင်းပါ(ကဗျာ) | အရှင်ကေလာသ(မစိုးရိမ်) | ၁၃ |
| ၉။ | အကောင်းမြင်ဝါဒနှင့်ငြိမ်းချမ်းရေး | အရှင်ကေလာသ(မစိုးရိမ်) | ၁၄ |
| ၁၀။ | အချိန်ရှိခိုက်လုံ့လစိုက် | ဓမ္မပဒ | ၂၂ |
| ၁၁။ | သက်မွေးလွယ်လည်းအပါယ်ဘဲ | ဓမ္မပဒ | ၂၃ |
| ၁၂။ | ခက်ခဲသော်လည်းနတ်ရွာမြဲ | ဓမ္မပဒ | ၂၃ |
| ၁၃။ | ကောင်းမှုနှင့်တောင်းဆု | မောင်ပညာ(မန်းတက္ကသိုလ်) | ၂၄ |
| ၁၄။ | အမြင်ရှင်းမှအေးချမ်းရ(ကဗျာ) | အရှင်ကေလာသ(မစိုးရိမ်) | ၂၈ |
| ၁၅။ | တရားစခန်းမှတရားဓမ္မများ | ဒေါက်တာအောင်ကြိုင် | ၂၉ |
| ၁၆။ | အကုသိုလ်ညစ်ကြေးတားဆီးပေး(ကဗျာ) | အရှင်ကေလာသ(မစိုးရိမ်) | ၃၂ |
| ၁၇။ | လမ်းကလေးမှဖြောင့်ပါလေစ | ခင်သက်တင်(ပညာရေး) | ၃၂ |
| ၁၈။ | စာရေးနည်းများ(အပိုင်း–၄) | အောင်ငြိမ်းချမ်း(မန်းတက္ကသိုလ်) | ၃၈ |


ဓမ္မမိတ်ဆွေများအသင်း၊မစိုးရိမ်သာသနဇောတိကကျောင်း၌ပြုလုပ်ဆောင်ရွက်လျက်ရှိသော
ဆောင်ရွက်မှုများနှင့်သတင်းအချက်အလက်များကို www.masoeyeindfa.org
အင်တာနက်စာမျက်နှာတွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## ဓမ္မမိတ်ဆွေများအသင်း၏ ယုံကြည်ချက်နှင့် အဓိဋ္ဌာန်

ဤဓမ္မမိတ်ဆွေများအသင်းကို ၁၉၉၉–ခုနှစ်၊ ဧပြီလ (၁၀)ရက်နေ့တွင် တည်ထောင်ခဲ့သည်။ ကျွန်ုပ်တို့အသင်းသူ၊အသင်းသားများသည်ဓမ္မမိတ်ဆွေများအသင်း၏အဖွဲ့ဝင်များဖြစ်သည့်အလျောက် ဖော်ပြပါယုံကြည်ချက်ကိုလက်ကိုင် ထား၍အဓိဋ္ဌာန်ပြုပါသည်။

၁။အသင်းသူ၊အသင်းသားများနှင့်မြန်မာမိသားစုများသည်ဗုဒ္ဓဘာသာယဉ်ကျေးမှုအပေါ်ပိုမိုယုံကြည် နားလည်လာမည်ဟုယုံကြည်ခြင်း။
၂။ထေရဝါဒဗုဒ္ဓသာသနာသည်ပုဂ္ဂိုလ်စွဲဂိုဏ်းစွဲမထားပဲလွတ်လပ်စွာပြန့်ပွားလာမည်ဟုယုံကြည်ခြင်း။
၃။ဗုဒ္ဓဘုရားရှင်၏စစ်မှန်သောဓမ္မဒေသနာများကိုပိုမိုသဘောပေါက်လာမည်ဟုယုံကြည်ခြင်း။
၄။မြန်မာကလေးသူငယ်များမြန်မာ့စာပေနှင့်ယဉ်ကျေးမှုကိုမြတ်နိုး၍ထိန်းသိမ်းထားလိုသောမျိုးချစ်စိတ် တိုးပွားလာမည်ဟုယုံကြည်ခြင်း။
၅။အသင်း၏အမှုဆောင်အဖွဲ့နှင့်အသင်းသူ၊အသင်းသားများသည်မည်သည့်အဖျက်အဆီးအနှောက် အယှက်မျိုးကိုမဆိုရင်ဆိုင်ကျော်လွှားနိုင်မည်ဟူသောယုံကြည်ချက်ဖြင့်အသင်းတည်တံ့ခိုင်မြဲရေးနှင့် တိုးတက်အောင်မြင်ပြန့်ပွားရေးအတွက် ကိုယ်စွမ်းရှိသမျှဉာဏ်စွမ်းရှိသမျှလုပ်ဆောင်သွားမည် ဖြစ်ပါကြောင်း။

ဤအသင်း၏ တည်တံ့အောင်မြင်နိုင်ရေးအတွက် ဆက်လက်ပံ့ပိုးကြပါရန် အလုပ်အမှုဆောင်အဖွဲ့မှ လေးစားစွာပန်ကြားအပ်ပါသည်။

**ဓမ္မမိတ်ဆွေများအသင်း**

### အဓိဋ္ဌာန်

ငါတို့ဖြစ်ရဤလောကဝယ်
ဘဝသမိုင်းမရိုင်းစေရန်
စိတ်မာန်မချမာနမပါ
တိုးစွမ်းရာဖြင့်တို့သာသနာတို့ပြည်ရွာကို
သာယာစေမှုလို့လုပြုအံ့။

## ဂါရဝေါစနိဂါတောစ(သို့)နွေးထွေးကြင်နာဆွေးနွေးပါ

ဒကာကြီးရယ်

သဘောထားကွဲလွဲမှုဆိုတာက

ဓမ္မတာအတိုင်းလူ့လောကမှာရှိတာမျိုးပေါ့။

သူ့ဘက်ကိုယ့်ဘက်ပြောစရာရှိတာတော့

ပြောကြရမှာပေါ့။

ဒါပေမဲ့ငယ်သူကကြီးသူနဲ့ပြောကြတဲ့အခါ

သဘောကွဲလွဲချက်ပင်ဖြစ်စေကာမူ

ဂါရဝေါစနဲ့ပြောရတယ်။

ကြီးသူကလဲငယ်သူနဲ့ပြောကြတဲ့အခါ

သဘောထားကွဲလွဲချက်ပင်ဖြစ်စေကာမူ

ငါကအကြီးပဲဆိုပြီး

အထက်စီးနဲ့မပြောရဘူး

နိဂါတောစနဲ့ပြောရတယ်။

(မင်းကွန်းတိပိဋကဓရဆရာတော်ကြီး)

---

ဂါရဝေါစ၊=ရိုသေထိုက်သူကိုရိုသေခြင်း။

နိဂါတောစ=မိမိကိုယ်ကိုနှိမ့်ချခြင်း။

# သစ္စာအဓိဋ္ဌာန်

လောကဇာတ်ခုံ၊ ဤလူ့ဘုံဝယ်၊
မျိုးစုံကြုံရ၊ သဘာဝမို့၊
နိန္ဒကဲ့ရဲ့၊ ချီးဗ ့ပြစ်တင်၊
ပြောတုံလျှင်လည်း၊ ငါရှင်မမှု၊
သုံးလူ့မြတ်စွာ၊ ဘဂဝါနှင့်၊
ဆရာမိန့်ကြား၊ စကားဆုံးမ၊
ဓမ္မလမ်းကြောင်း၊ မတိမ်းစောင်းဘဲ၊
ထုံးဟောင်းဖြာဖြာ၊ နည်းယူကာဖြင့်၊
များစွာလူနတ်၊ အရပ်ရပ်၏၊
ကျိုးမြတ်ရေးရှု၊ သည်းခံမှုဖြင့်၊
သတ္တုမြတ်စွာ၊ သာသနာနှင့်၊
ဆရာထေရ်မြတ်၊ တည်ထောင်အပ်သည့်၊
ဤရပ်ဒေသာ၊ သာသနာကို၊
ကမ္ဘာဆုံးတိုင်၊ တည်စေနိုင်ရေး၊
ဆောင်ရွက်ပေးမည်၊ ဓိဋ္ဌာန်တည်၏၊
ငါ၏သွေးသား၊ ခန်းခြောက်သွားလည်း၊
ပယ်ထားစွန့်ကာ၊ ဖယ်ခွါကြဉ်မှု၊
ငါမပြုဟု၊ သတ္တုမျက်မှောက်၊
ဦးတင်လျှောက်သည်၊ ထိုးဖောက်ကမ္ဘာလွှမ်းစေသော်။

အရှင်ကေလာသ (မစိုးရိမ်)

-------------------------------

{ နိန္ဒ (နိန်ဒ) = ကဲ့ရဲ့မှု၊ သတ္တု (သတ်ထု) = မြတ်စွာဘုရား }

## နှစ်သက်အပ်ရာကျိုးများ၅

မစိုးရိမ်ဆရာတော်ကြီး

သုံးလောကထွဋ်ရှုတင် ရှင်တော်မြတ်ဘုရား သက်တော်ထင်ရှား ရှိစဉ်အခါက ဇေတဝန်ကျောင်း ဒါယကာ အနာထပိဏ်သူဌေးဟာ ရှင်တော်ဘုရားထံ နေ့စဉ် ဆည်းကပ်ခစားလေ့ရှိပါတယ်။

ဆည်းကပ်ခစားတဲ့ အခါတိုင်းမှာလဲ ရှင်တော် ဗုဒ္ဓက တရားဓမ္မများကို ဟောဖော်ညွှန်ပြ ဆိုဆုံးမလေ့ ရှိပါတယ်။ တစ်နေ့မှာ အနာထပိဏ်သူဌေးဟာ မြတ်စွာ ဘုရားကျောင်းတော်သို့ ရောက်ရှိသွားပါတယ်။ မြတ်စွာ ဘုရားကို ရှိခိုးပြီး သင့်တင့်လျောက်ပတ်တဲ့အရပ်မှာ ထိုင်နေပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက အောက်ပါအတိုင်း မိန့်ကြားတော်မူပါတယ်။

**ပဉ္စိမေ ဂဟပတိ ဓမ္မာ ဣဋ္ဌာ ကန္တာ မနာပါ ဒုလ္လဘာ လောကသ္မိံ။**

ဂဟပတိ၊ ဒါယကာ။ ပဉ္စ၊ ငါးပါးကုန်သော။ ဣမေ ဓမ္မာ၊ဤတရားတို့ကို။ ဣဋ္ဌာ၊ အလိုရှိအပ်ကုန်၏။ ကန္တာ၊နှစ်သက်အပ်ကုန်၏။ မနာပါ၊ မြတ်နိုးအပ်ကုန်၏။ လောကသ္မိံ၊ လောက၌။ ဒုလ္လဘာ၊ ရခဲကုန်၏။ ဒါယကာ ဤငါးပါးသောတရားတို့ကို အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်ကုန်သည်ဖြစ်၍ လောကမှာ ရဘို့ ခဲယဉ်း တယ်လို့ မိန့်တော်မူပါတယ်။ ကတမေ ပဉ္စ၊ ဒီတရား ငါးပါးဟာ ဘယ်တရားတွေလဲလို့ ဘုရားရှင်ကိုယ်တော် တိုင် မေးတော်မူပြီးတော့ -

**အာယု ဂဟပတိ ဣဋ္ဌော ကန္တော မနာပေါ ဒုလ္လဘော လောကသ္မိံ။** လောကကြီးထဲမှာ အသက် ရှည်ဘို့ရာ အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်ပါ တယ်။ ရလည်းရခဲပါတယ်လို့ ပထမဆုံးအချက်ကို မိန့်မြွက်ဟောကြားတော်မူပါတယ်။ ဘုရားရှင်ရဲ့ ဟော ကြားချက်ဟာ အလွန်ဘဲ မှန်ကန်လှပါတယ်။ သတ္တဝါ တိုင်းဟာ ကိုယ့်အသက်ကို ကိုယ်ခင်မင်ကြတယ်၊ နှစ်သက်ကြတယ်၊ မြတ်နိုးကြတယ်။ အသက်ရှည်ချင် ကြတယ်။ အသက်ရှည်အောင်လဲ ကြိုးစားကြပါတယ်။ ဒါပေမဲ့ - လူတိုင်း အသက်ရှည်သလားလို့ ဆိုတော့ အားလုံးသိတဲ့အတိုင်း လောကမှာ အသက်ရှည်ဘို့ရန် မလွယ်ကူလှပါဘူး။ ခဲယဉ်းလှပါ တယ်။ ဒါ့ကြောင့် - ဘုရားရှင်က အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်ပြီး တော့ ဘဝမှာ ရခဲတဲ့တရားတစ်ခုဟာဖြင့် အသက်ရှည် ခြင်းပဲလို့ မိန့်ကြားတော်မူခဲ့ပါတယ်။

အသက်ရှည်ခြင်းလိုပဲ အလိုရှိအပ် နှစ်သက် အပ် မြတ်နိုးအပ်ပြီးတော့ လောကမှာ ရခဲတဲ့တရား တစ်ခုကိုလည်း ဆက်လက်ဟောကြားပြန်ပါတယ်။

**ဝဏ္ဏော ဣဋ္ဌော ကန္တော မနာပေါ ဒုလ္လဘော လောကသ္မိံ။**

လောကကြီးထဲမှာ အဆင်းလှဘို့ရန် အလိုရှိ အပ် နှစ်သက်အပ် မြတ်နိုးအပ်ပါတယ်။ ရလည်းရခဲ ပါတယ်လို့ ဒုတိယအချက်ကို ဆက်လက်ဟောကြား တော်မူပါတယ်။ ဘုရားရှင် ဟောကြားချက်ဟာ အလွန် မှန်ကန်ပါတယ်။ သတ္တဝါ တိုင်းဟာ အဆင်းလှခြင်းကို ခင်မင်ကြတယ်၊ နှစ်သက်ကြတယ်၊ မြတ်နိုးကြတယ်၊ အဆင်းလှချင်ကြတယ်၊ ခေတ်မီကိရိယာအမျိုးမျိုး ခေတ်မီ ဆေးအမျိုးမျိုးနဲ့ လှအောင် ကြိုးစားကြတယ်။ ဒါပေမဲ့- လူတိုင်းလှ သလား ဆိုတော့ အားလုံးသိကြတဲ့ အတိုင်း လောကမှာ ပြုတိုင်းပြင်တိုင်း လှလာဘို့ဆိုတာ မဖြစ်နိုင်ပါဘူး၊ လှဘို့ရန် ခဲယဉ်းလှပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက လိုလားအပ် နှစ်သက်အပ် မြတ်နိုး အပ်ပြီးတော့ လောကမှာ ရခဲတဲ့တရားတစ်ခုဟာဖြင့် အဆင်းလှခြင်းပဲလို့ မိန့်ကြားတော်မူခဲ့ပါတယ်။ အသက် ရှည်ခြင်း အဆင်းလှခြင်းလိုပဲ အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်ပြီးတော့ လောကမှာ ရခဲတဲ့ တရားတစ်ခုကို လည်း ဆက်လက်ဟောကြားတော်မူပြန်ပါတယ်။

**သုခံ ဝဏ္ဏံ ဣဋ္ဌံ ကန္တံ မနာပံ ဒုလ္လဘံ လောကသ္မိံ။**

လောကကြီးထဲမှာ ချမ်းသာဘို့ရန် လိုလားအပ် နှစ်သက်အပ် မြတ်နိုးအပ်ပါတယ်။ ရလည်းရခဲပါတယ်လို့ တတိယအချက်ကို ဆက်လက်ဟောကြားတော်မူပါတယ်။ ဘုရားရှင်ဟောကြားချက် အလွန်မှန်ပါတယ်။ သတ္တဝါတိုင်းဟာ ချမ်းသာခြင်းကို လိုချင်ကြတယ်၊ နှစ်သက်ကြတယ်၊ မြတ်နိုးကြတယ်၊ ချမ်းသာချင်ကြတယ်။ ချမ်းသာအောင်လည်းပဲ ကြိုးစားကြတယ်။ ဒါပေမဲ့ လူတိုင်း ချမ်းသာသလားဆိုတော့ အားလုံးသိကြတဲ့အတိုင်း လောကမှာ ချမ်းသာဘို့ရန် မလွယ်ကူလှပါဘူး၊ ခဲယဉ်းလှပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက လိုလားအပ် နှစ်သက်အပ် မြတ်နိုးအပ်ပြီးတော့ လောကမှာ ရခဲတဲ့တရားတစ်ခုဟာဖြင့် ချမ်းသာခြင်းပဲလို့ မိန့်ကြားတော်မူပါတယ်။ အသက်ရှည်ခြင်း အဆင်းလှခြင်း ချမ်းသာခြင်းလိုပဲ လိုလားအပ် နှစ်သက်အပ် မြတ်နိုးအပ်ပြီးတော့ လောကမှာ ရခဲတဲ့တရားတစ်ခုကိုလည်း ဆက်လက် ဟောကြားပြန်ပါတယ်။

**ယသော ဝဏ္ဏော ဣဋ္ဌော ကန္တော မနာပေါ ဒုလ္လဘော လောကသ္မိံ။**

လောကကြီးထဲမှာ အခြံအရံများခြင်းကို လိုလားအပ် နှစ်သက်အပ် မြတ်နိုးအပ်ပါတယ်။ ရလည်းရခဲပါတယ်လို့ စတုတ္ထအချက်အနေနဲ့ ဆက်လက် ဟောကြားတော်မူပါတယ်။ ဘုရားရှင် ဟောကြားချက် အလွန်မှန်ကန်လှပါတယ်။ သတ္တဝါတိုင်းဟာ အခြံအရံများခြင်းကို လိုချင်ကြတယ်၊ နှစ်သက်ကြတယ်၊ မြတ်နိုးကြတယ်။ အခြံအရံများချင်ကြတယ်။ အခြံအရံများအောင်လည်းပဲ ကြိုးစားကြတယ်။ ဒါပေမဲ့ - လူတိုင်း အခြံအရံများသလားဆိုတော့ အားလုံးသိတဲ့အတိုင်း လောကမှာ အခြံအရံများဘို့ရန် မလွယ်ကူလှပါဘူး။ ခဲယဉ်းလှပါတယ်။ ဒါကြောင့် - မြတ်စွာဘုရားက လိုလားအပ် နှစ်သက်အပ် မြတ်နိုးအပ်ပြီးတော့ လောကမှာ ရခဲတဲ့ တရားတစ်ခုဟာဖြင့် အခြံအရံများခြင်းလို့ မိန့်ကြားတော်မူပါတယ်။

အသက်ရှည်ခြင်း အဆင်းလှခြင်း ချမ်းသာကြီးခြင်း အခြံအရံများခြင်းလိုပဲ အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်ပြီးတော့ လောကမှာ ရခဲတဲ့တရားတစ်ခုကိုလည်း ဆက်လက်ဟောကြားပြန်ပါတယ်။

**သဂ္ဂါ ဣဋ္ဌာ ကန္တာ မနာပါ ဒုလ္လဘာ လောကသ္မိံ။** လောကကြီးထဲမှာ နတ်ပြည်ရောက်ဘို့ရာ အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်ပါတယ်၊ ရလည်းရခဲပါတယ်လို့ ပဉ္စမအချက်ကို ဆက်လက်ဟောကြားပြန်ပါတယ်။

ဘုရားရှင်ဟောကြားချက်ဟာ အလွန်မှန်ကန်လှပါတယ်။ သတ္တဝါတိုင်းဟာ နတ်ပြည်ရောက်ဘို့ရာကို လိုလားကြတယ်၊ နှစ်သက်ကြတယ်၊ မြတ်နိုးကြတယ်။ နတ်ပြည်ရောက်ချင်ကြတယ်၊ နတ်ပြည်ရောက်ဘို့ရန် ဆုတောင်းကြတယ်။ ဒါပေမဲ့ လူတိုင်းဟာ နတ်ပြည်ရောက်သလားဆိုတော့ အားလုံးသိကြတဲ့အတိုင်း လောကမှာ နတ်ပြည်ရောက်ဘို့ရန် မလွယ်လှပါဘူး၊ ခဲယဉ်းလှပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက လိုလားအပ် နှစ်သက်အပ် မြတ်နိုးအပ်ပြီးတော့ လောကမှာ ရခဲတဲ့ တရားတစ်ခုဟာဖြင့် နတ်ပြည်ရောက်ခြင်းပဲလို့ မိန့်ကြားတော်မူပါတယ်။

အနာထပိဏ်သူဌေးကို မြတ်စွာဘုရား မိန့်ကြားတဲ့ အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်ပြီးတော့ လောကမှာ ရခဲတဲ့တရားငါးမျိုး အကျဉ်းချုပ်ကတော့-

၁။ အာယု = အသက်ရှည်ခြင်း။
၂။ ဝဏ္ဏ = အဆင်းလှခြင်း။
၃။ သုခ = ချမ်းသာခြင်း။
၄။ ယသ = အခြံအရံများခြင်း။
၅။ သဂ္ဂ = နတ်ပြည်ရောက်ခြင်း-တို့ ဖြစ်ပါတယ်။

အဲဒါကို အကျဉ်းချုပ်ဆောင်ပုဒ်ကလေး ရေးထားပါတယ်။ လိုက်ဆိုကြပါ။

**သက်ရှည်ဆင်းလှ၊ သုခချမ်းသာ၊**
**ခြံရံပေါများ၊ ရောက်ငြား နတ်ရွာ။**
**ဤသည့်ငါးပါး၊ လိုလားအပ်စွာ၊**
**ဣဋ္ဌသုတ်၊ ဖွင့်ထုတ် တို့မြတ်စွာ။**

အဲဒီလို - မြတ်စွာဘုရားက လိုလားအပ်တဲ့ အကျိုးငါးပါး မိန့်ကြားထားပါတယ်။ အဲဒီ လိုလားအပ်တဲ့ အကျိုးငါးပါးကို ဘယ်လိုရအောင်လုပ်မလဲ၊ နှုတ်မှ တွတ်တွတ် ရွတ်ဖတ်တောင်းဆိုနေမလား၊ စိတ်ဖြင့် မှန်း၍ တောင့်တနေမလား၊ ဘယ်လိုရအောင် လုပ်ကြမလဲ။ ရအောင်လုပ်နည်းကို သိကြပါရဲ့လား။ ရအောင်လုပ်နည်း မသိရင်တော့ 'ဆင်းကန်းတောတိုး၊ ဒုက္ခမျိုး၊ ကိုယ်ကျိုးနည်းတတ်သည်'- ဆိုသလို လိုရာမရောက် ခရီးမပေါက်ဘဲ ဒုက္ခရောက်ဘို့ရာသာ ရှိပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက -

ဣမေသံ ခေါ ဂဟပတိ ပဉ္စန္နံ ဓမ္မာနံ ဣဋ္ဌာနံ ကန္တာနံ မနာပါနံ ဒုလ္လဘာနံ လောကသ္မိံ န အာယာစန-ဟေတု ဝါ ပတ္ထနာဟေတု ဝါ ပဋိလာဘံ ဝဒါမိ။

ဣမေသံ ခေါ ဂဟပတိ ပဉ္စန္နံ ဓမ္မာနံ ဣဋ္ဌာနံ ကန္တာနံ မနာပါနံ ဒုလ္လဘာနံ လောကသ္မိံ န အာယာစန-ဟေတု ဝါ ပတ္ထနာဟေတု ဝါ ပဋိလာဘော အဘဝိဿ ကော ဣဓ ကေန ဟာယေထ-လို့ ဟောတော်မူပါတယ်။

ဂဟပတိ၊ ဒါယကာ။ ပဉ္စန္နံ၊ ငါးပါးကုန်သော။ ဣဋ္ဌာနံ၊ အလိုရှိအပ်ကုန်သော။ ကန္တာနံ၊ နှစ်သက်အပ်ကုန်သော။ မနာပါနံ၊ မြတ်နိုးအပ်ကုန်သော။ လောကသ္မိံ၊ လောက၌။ ဒုလ္လဘာနံ၊ ရခဲကုန်သော။ ဣမေသံ ဓမ္မာနံ၊ ဤတရားတို့ကို။ အာယာစနဟေတု ဝါ၊ နှုတ်မှတွတ်တွတ် ရွတ်ဖတ်တောင်းဆိုခြင်းဟူသော အကြောင်းကြောင့်လည်းကောင်း။ ပတ္ထနာဟေတု ဝါ၊ စိတ်ဖြင့်မှန်းဆ တောင့်တခြင်းဟူသော အကြောင်းကြောင့်လည်းကောင်း။ ပဋိလာဘံ၊ ရခြင်းကို။ အဟံ၊ ငါဘုရားသည်။ န ဝဒါမိ၊ ဟောကြားတော်မမူ။

ဂဟပတိ၊ ဒါယကာ၊ ပဉ္စန္နံ၊ ငါးပါးကုန်သော။ ဣဋ္ဌာနံ၊ အလိုရှိအပ်ကုန်သော။ ကန္တာနံ၊ နှစ်သက်အပ်ကုန်သော။ မနာပါနံ၊ မြတ်နိုးအပ်ကုန်သော။ လောကသ္မိံ၊ လောက၌။ ဒုလ္လဘာနံ၊ ရခဲကုန်သော။ ဣမေသံ ဓမ္မာနံ၊ ဤတရားတို့ကို။ အာယာစနဟေတု ဝါ၊ နှုတ်မှတွတ်တွတ် ရွတ်ဖတ်တောင်းဆိုခြင်းဟူသော အကြောင်းကြောင့်လည်းကောင်း။ ပတ္ထနာဟေတု ဝါ၊ စိတ်ဖြင့်မှန်းဆ တောင့်တခြင်းဟူသော အကြောင်းကြောင့်လည်းကောင်း။ ပဋိလာဘော၊ ရခြင်းသည်။ အဘဝိဿ၊ ဖြစ်ငြားအံ့။ ဣဓ၊ ဤလောက၌။ ကော၊ အဘယ်သူသည်။ ကေန၊ အဘယ်အကျိုးတရားမှ။ (ဝါ) အဘယ်သို့သော စည်းစိမ်ချမ်းသာမှ။ န ဟာယေထ၊ ယုတ်လျော့ပါတော့မည်နည်း။ န ဟာယေထ၊ တောင်းဆိုတိုင်းရ တောင်းတတိုင်းပေါ်သဖြင့် အော် ဘယ်တော့မှ ဆုတ်ယုတ်တော့မည် မဟုတ်ချေတကား။

ဆိုလိုရင်းကတော့ - အာယု ဝဏ္ဏ သုခ ယသ သဂ္ဂ-ဆိုတဲ့အကျိုးတရားငါးမျိုးကို လိုချင်ရင် နှုတ်မှ တွတ်တွတ် ရွတ်ဆိုဆုတောင်းနေလဲ မရဘူး၊ စိတ်ဖြင့် မျှော်မှန်းတောင့်တနေလဲ မရဘူး။ မှန်ပါတယ် - ဒီလို တောင့်တတိုင်းသာ ဖြစ်မယ်ဆိုရင် လောကမှာ အသက်တိုတဲ့သူ အဆင်းမလှတဲ့သူ မချမ်းသာတဲ့သူ အခြံအရံမရှိတဲ့သူ နတ်ပြည်မရောက်တဲ့သူရယ်လို့ မရှိနိုင်တော့ပါဘူး။ လိုချင်တာတွေရ တောင့်တတာတွေ ပေါ်လာလို့ လောကမှာ ပျော်ရွှင်စရာတွေချည်း ဖြစ်နေမှာဘဲလို့ ဆိုလိုပါတယ်။

ဒါကြောင့် မြတ်စွာဘုရားက - န အာယာစနဟေတု ဝါ ပတ္ထနာဟေတု ဝါ ပဋိလာဘံ ဝဒါမိ-တောင်းလဲ မတောင်းနဲ့၊ တောင့်တလဲ တောင့်တမနေကြနဲ့၊ မရနိုင်ဘူးလို့ ပြတ်ပြတ်သားသား ဟောကြားတော်မူခဲ့ပါတယ်။

ဒါဆိုရင် ဒီ အာယု ဝဏ္ဏစတဲ့ အကျိုးငါးပါး ရအောင် ဘယ်လိုလုပ်ရမယ်ဆိုတာကို မြတ်စွာဘုရားက ညွှန်ကြားခဲ့ပါသလားလို့မေးရင် - အာယုကာမေန

ဂဟပတိ အရိယသာဝကေန အာယုသံဝတ္တနိကာ ပဋိပဒါ ပဋိပဇ္ဇိတဗ္ဗာ -လို့ ဟောတော်မူခဲ့ပါတယ်။

ဂဟပတိ၊ ဒါယကာ။ အာယုကာမေန၊ အသက်ရှည်ခြင်းကို အလိုရှိသော။ အရိယသာဝကေန၊ မြတ်စွာဘုရား၏ တပည့်သည်။ အာယုသံဝတ္တနိကာ၊ အသက်ရှည်ခြင်းကို ဖြစ်စေတတ်သော။ ပဋိပဒါ၊ အကျင့်ကို။ ပဋိပဇ္ဇိတဗ္ဗာ၊ ကျင့်အပ်၏။

အသက်ရှည်ချင်တဲ့သူဟာ အသက်ရှည်ခြင်းကို ဖြစ်စေတတ်တဲ့အကျင့်ကို ကျင့်ရမယ်။ ဆုတောင်းနေရုံနဲ့ မရဘူး။ အဲဒီလိုဘဲ အဆင်းလှချင်ရင် ချမ်းသာချင်ရင် အခြံအရံများချင်ရင် နတ်ပြည်ရောက်ချင်တဲ့သူတွေဟာ အဲဒီအကျိုးတရားတွေကို ရစေနိုင်တဲ့ အကျင့်ကို ကျင့်ရမယ်လို့ ညွှန်ကြားတော်မူခဲ့ပါတယ်။

ဒါဖြင့် အသက်ရှည်စေတတ်တဲ့အကျင့် ဘယ်အကျင့်လဲ၊ အဆင်းလှစေတတ်တဲ့အကျင့် ဘယ်အကျင့်လဲ၊ ချမ်းသာစေတတ်တဲ့အကျင့် ဘယ်အကျင့်လဲ၊ အခြံအရံ များစေတတ်တဲ့အကျင့် ဘယ်အကျင့်လဲ၊ နတ်ပြည်ရောက်စေတတ်တဲ့အကျင့်က ဘယ်အကျင့်လဲ ဆိုတော့ -

အာယုသံဝတ္တနိကာ ပဋိပဒါတိ ဒါနသီလာ-ဒိကာ ပုညပဋိပဒါ-လို့ အဋ္ဌကထာဆရာက ဖွင့်ပြပါတယ်။ ဒါနသီလစတဲ့ ကုသိုလ်အကျင့်မှန်သမျှ တွေဟာ အသက်ရှည်ကြောင်းလည်း ဖြစ်ပါတယ်။ အဆင်းလှကြောင်းလည်း ဖြစ်ပါတယ်၊ ချမ်းသာကြောင်းလည်း ဖြစ်ပါတယ်၊ အခြံအရံပေါ်များကြောင်းလည်း ဖြစ်ပါတယ်၊ နတ်ပြည်ရောက်ကြောင်းလည်း ဖြစ်ပါတယ်။

ဒီမျှမက- **နိဗ္ဗာနသံဝတ္တနိကာ ပဋိပဒါ = နိဗ္ဗာန်ရောက်ကြောင်းအကျင့်** လို့လည်း ဆိုနိုင်ပါတယ်။ ဒီကနေ့ (. . . . .) ကျောင်းတိုက်မှာ နာယက စာချဆရာတော်များအမှူးထားပြီးတော့ ပရိယတ္တိဓမ္မကို ကြိုးစားအားထုတ်နေကြတဲ့ စာသင်သံဃာတော် (၂၀၀)ကျော်တို့အား ဝါဆိုသင်္ကန်းကပ်လှူခြင်း ခဲဘွယ်ဘောဇဉ် ဆက်ကပ်လှူဒါန်းခြင်း သီလစောင့်ထိန်းခြင်း အမျှဝေခြင်းစတဲ့ ကုသိုလ်ကောင်းမှုတွေဟာ -

၁။ အာယုသံဝတ္တနိကာ = အသက်ရှည်ကြောင်း၊
၂။ ဝဏ္ဏသံဝတ္တနိကာ = အဆင်းလှကြောင်း၊
၃။ သုခသံဝတ္တနိကာ = ချမ်းသာကြောင်း၊
၄။ ယသသံဝတ္တနိကာ = အခြံအရံများကြောင်း၊
၅။ သဂ္ဂသံဝတ္တနိကာ = နတ်ပြည်ရောက်ကြောင်း၊
၆။ နိဗ္ဗာနသံဝတ္တနိကာ = နိဗ္ဗာန်ရောက်ကြောင်းလည်း ဖြစ်ပါတယ်ဆိုတာ အင်္ဂုတ္တရနိကာယ ပဉ္စကနိပါတ ဣဋ္ဌကန္တသုတ်ကို ကိုးကား၍ ဟောကြားလိုက်ပါတယ်။ ဒကာ, ဒကာမအပေါင်း သူတော်ကောင်းတို့ ဣဋ္ဌ ကန္တ မနာပ ဒုလ္လဘအကျိုးတရားတို့ ပွားကြပါစေသော်။

မစိုးရိမ်ဆရာတော်ကြီး

### သုခနိဗ္ဗာန်အဆုံးတိုင်

ဒါနသီလာ၊အစဖြာသည့်၊
ပုညာကောင်းမှု၊အကြောင်းစုသည်၊
ရှည်မှုအသက်၊လှလျက်,ချမ်းသာ၊
များစွာခြံရံ၊နတ်ထံရောက်ရ၊
ကျိုးငါးဝနှင့်၊ဝဋ်မှထွက်ရာ၊
နိဗ္ဗာတာသို့၊ရောက် ခါမှန်စွာ၊
ရှိသည်သာမို့၊ကောင်းစွာအားထုတ်၊
ကြိုးစားလုပ်သော်၊ခုနှော်နောက်နှောင်း၊
ချမ်းသာကြောင်းတည်း။

အရှင်ကေလာသ (မစိုးရိမ်)

## ဓာတ်တော်နှင့် ရောင်ခြည်တော်

တက္ကသိုလ်သောတဇန (မဟာဓမ္မာစရိယ)

၂၃-၁၂-၂၀၀၉ နေ့က စာရေးသူထံသို့ စာဖတ်ပရိသတ် တစ်ဦးထံမှ စာတစ်စောင်ရောက်လာပါသည်။ စာတွင် ဘုရားဟောင်းတစ်ဆူပြိုပျက်ပြီး ဌာပနာတိုက်ပေါက်ထွက်နေပါတယ်၊ သတ္တသတ္တာဟ စံနေတော်မူပုံတွေ၊ ငါးရာ့ငါးဆယ်နိပါတ်တော် ရုပ်စုံငယ်တွေနဲ့ အတူ ဓာတ်တော်မျိုးစုံရတယ်၊ အဲဒါတွေ ပင့်ဆောင်ပူဇော်နေစဉ်မှာ ဓာတ်တော်ကွန့်မြူးတယ်၊ အဲဒါကို ဘုရားဓာတ်တော်တွေလို့ ဆိုကြတယ်၊ တန်ခိုးအဘိညာဉ်နှင့် ပြည့်စုံတဲ့ ပစ္စေကဗုဒ္ဓါ (သို့မဟုတ်) ရဟန္တာဓာတ်တော်များ မဖြစ်နိုင်လားလို့ မေးတဲ့အခါ ဘုရားရုပ်ပွားတော်နဲ့ ရဟန္တာဓာတ်တော်ကို ဌာပနာတိုက် တစ်ခုထဲမှာ အတူထည့်သွင်းခြင်း မပြုရဘူးတဲ့။ တပည့်တော်သိချင်တာက ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတို့ရဲ့ ဓာတ်တော်များပုံသဏ္ဍာန် ကွဲပြားခြားနားမှုအကြောင်း၊ ဘုရားရုပ်ပွားတော်နှင့် ရဟန္တာဓာတ်တော် ဌာပနာတိုက်တစ်ခုထဲမှာ အတူထည့်သွင်းကောင်း, မကောင်း ဖြစ်ပါတယ်ဘုရား၊ စေတနာရှေ့ထားပြီး ဖြေကြားပေးတော်မူပါဘုရား"

### မြတ်စွာဘုရား၏ ဓာတ်တော်များအကြောင်း

မြတ်စွာဘုရားရှင်၏ ဓာတ်တော်များအနက် တစ်ချို့ဓာတ်တော်များမှာ မြတ်လေးပန်းအငုံနှင့်တူ၏။ တစ်ချို့ဓာတ်တော်များမှာ ပုလဲနှင့်တူ၏။ တစ်ချို့ဓာတ်တော်များမှာ ရွှေအဆင်းနှင့်တူ၏။

သက်တော်ရှည်တော်မူကြသော ဘုရားရှင်တို့၏ သရီရဓာတ်တော်မှာ တစ်လုံးတစ်ခဲတည်းရှိ၏။ ကျွန်ုပ်တို့ဘုရားရှင်ကတော့ သက်တော်တိုသဖြင့် မုန်ညင်းစေ့လောက်ပမာဏရှိသော ဓာတ်တော်တို့ကို ကိုးကွယ်ပူဇော်စရာ ရစေဖို့ အလုံးစုံသော အရပ်မျက်နှာတို့၌ ပြန့်ကြဲစေရန် အဓိဋ္ဌာန်တော်မူခဲ့သည်။

စွယ်တော်လေးဆူ၊ ညှပ်ရိုးတော်နှစ်ဆူ၊ နဖူးသင်းကျစ်တော်၊ ဤခုနစ်ဆူကတော့ မပြန့်ကြဲဘဲ တည်ရှိရစ်ပါသည်။ ယင်းဓာတ်တော်ခုနစ်ဆူကို "အသမ္ဘိန္နဓာတ်တော်"ဟုခေါ်သည်။ ကြွင်းသော ဓာတ်တော်များကတော့ ပြန့်ကြဲပြီးတော့ တည်ရစ်ခဲ့ပါသည်။ "သမ္ဘိန္နဓာတ်တော်"ဟုခေါ်သည်။ အငယ်ဆုံးဓာတ်တော်ဟာ မုန်ညင်းစေ့ ပမာဏရှိပါသည်။ အလတ်စားဓာတ်တော်ကတော့ ဆန်ကွဲလောက်ရှိပါသည်။အကြီးဆုံးသော ဓာတ်တော်ကတော့ ပဲနောက်ခြမ်းလောက်ရှိပါသည်။

(သုတ်မဟာဝါအဋ္ဌကထာ၊ စာ-၁၉၆)

### ဘုရားရှင်၏ဓာတ်တော်များကို ဌာပနာ၍ စေတီတည်ကြပုံ

ဘုရားရှင်၏ ဓာတ်တော်များကို ဌာပနာ၍ -

(၁) ရာဇဂြိုဟ်ပြည်၌ စေတီတစ်ဆူ၊
(၂) ဝေသာလီ၌ စေတီတစ်ဆူ၊
(၃) ကပိလဝတ်၌ တစ်ဆူ၊
(၄) အလ္လကပ္ပ၌ တစ်ဆူ
(၅) ရာမဂ္ဂါမ၌ တစ်ဆူ၊
(၆) ဝေဋ္ဌဒီပတိုင်း၌ တစ်ဆူ
(၇) မလ္လတိုင်း၊ ပါဝေယျကမြို့၌ တစ်ဆူ၊
(၈) ကုသိနာရုံ၌ တစ်ဆူ၊
(၉) ဒေါဏပုဏ္ဏား ဓာတ်တော်ခြင် အိုးကို ဌာပနာတည်သည့် စေတီကုမ္ဘတစ်ဆူ၊
(၁၀) စန္ဒကူး မီးသွေးများကို ဌာပနာပြီး တည်သည့် အင်္ဂါရစေတီ၊ စုစုပေါင်းစေတီ(၁၀)ဆူ တည်ထားခဲ့သည်။

## ရဟန္တာခတ်တော်အကြောင်း တည်တောဆရာတော်မိန့်ကြားချက်

ဘုရားရှင်ဟာ အဓိဋ္ဌာန်တော်မူခဲ့သည့်အတိုင်း ခတ်တော်အစိတ်စိတ်ဖြစ်ပြီးကျတယ်။ ရဟန္တာများလည်း အဓိဋ္ဌာန်တော်မူခဲ့လျှင် ဘုရားရှင်လိုပင် ခတ်တော် အစိတ်စိတ် ကျသင့်တာပါပဲ။ အရှင်အာနန္ဒာ ပရိနိဗ္ဗာန်စံခါနီး အဓိဋ္ဌာန်ခဲ့သည့်အတွက် အဓိဋ္ဌာန်ချက်အတိုင်း ခန္ဓာနှစ်ခုကွဲပြီး ကျခဲ့တယ်။

ဒါကြောင့် ဆဋ္ဌာဘိညရဟန္တာပုဂ္ဂိုလ်ဟာ ပရိနိဗ္ဗာန်ဝင်စံခါနီး အဓိဋ္ဌာန်တော်မူခဲ့လျှင် အစိတ်စိတ်ကျမယ်လို့ ဖြေဆိုရမယ်။ အကယ်၍ အဓိဋ္ဌာန်ချက် မရှိခဲ့လျှင် ပကတိအရိုးသာကျတယ်။ အစိတ်စိတ်ဖြစ်ပြီး ကျမှာမဟုတ်ဘူး။ များသောအားဖြင့် ရဟန္တာဟာ ဗုဒ္ဓဘုရားရှင်လို သာသနာတော်တည်ထောင်ခဲ့တဲ့ ပုဂ္ဂိုလ် မဟုတ်ဘူး။ ဗုဒ္ဓဘုရားရှင် ရဲ့ သာသနာအရိပ်မှာ တာဝန်နည်းပါးစွာ ကျွတ်တန်းဝင်တဲ့ပုဂ္ဂိုလ်မို့ ဝေနေယျသတ္တဝါကို ငဲ့ဖို့မရှိဘူး။ ငါ့ခန္ဓာဟာ ခတ်တော်အစိတ်စိတ်ဖြစ်ပြီး ငါ့ရဲ့ဝေနေယျများ ကိုးကွယ်ရာဖြစ်ပါစေလို့ ကျန်ဝေနေယျများအတွက် အဓိဋ္ဌာန်ဖို့ မရှိပါဘူး။ ဒါကြောင့် ရဟန္တာပုဂ္ဂိုလ် ပရိနိဗ္ဗာန်စံလွန်ပြီးတဲ့နောက် မီးသင်္ဂြိုဟ်ပြီးလျှင် ခတ်တော်အစိတ်စိတ် မကျပါဘူး။ အရိုးသာ ကျပါတယ်။

အရိုးရှိတဲ့ သတ္တဝါမှန်လျှင် ဘယ်ပုဂ္ဂိုလ်ပင်ဖြစ်စေ ကွယ်လွန်ပြီးတဲ့နောက် အရိုးကျန်မှာချည်းပဲ။ ဒါကြောင့် ခတ်တော်ကျတယ်ဆိုတာဟာ အရိုးကျခြင်းကို ဆိုလိုပါတယ်။ အခုလူများထင်နေကြတာက ခတ်တော်ဆိုတာ ဘုရားရှင်ရဲ့ ခတ်တော်လို အစိတ်စိတ် အလုံးအလုံးတွေလို့ ထင်နေကြတယ်။ ရဟန္တာရဲ့ ခတ်တော်ဟာ ဘုရားရှင်ရဲ့ခတ်တော်လို အလုံးအလုံး မဟုတ်ပါဘူး။ ရိုးရိုးလူရိုးအတိုင်းပါပဲ။ အရှင်အာနန္ဒာတို့လို ပရိနိဗ္ဗာန်စံခါနီး အဓိဋ္ဌာန်ခဲ့လျှင်ဖြင့် အစိတ်အစိတ်အလုံးအလုံး ကလေးတွေ ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။

များစွာသော ရဟန္တာအရှင်မြတ်တို့ကတော့ ငါ့ခန္ဓာသည် ခတ်တော်အစိတ်အစိတ်ဖြစ်ပါစေလို့ အဓိဋ္ဌာန်ခြင်း မရှိကြပါဘူး။ အဓိဋ္ဌာန်ခြင်း မရှိသည့်အတွက် မီးပူဇော်တော့ ပကတိအရိုးသာ ကျပါတယ်။ အများထင်သလို ခတ်တော်အစိတ်အစိတ်မကျပါဘူး။

အဓိဋ္ဌာန်ခြင်းမပြုခဲ့သော် ပကတိရဟန္တာများ မဆိုထားဘိ၊ ပစ္စေကဗုဒ္ဓါများသော်လည်း ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် အများထင်သလို အစိတ်အစိတ် ခတ်တော်လုံးကလေးတွေ မကျပါဘူး။ ပကတိသော အရိုးသာ ကျပါတယ်။

## ဗာကုလရဟန်းတော် ပရိနိဗ္ဗာန်စံဝင်တော်မူပုံ

ပရိသတ်အပေါင်း၏ အလယ်၌ ထိုင်လျက်သာလျှင် ပရိနိဗ္ဗာန်စံဝင်တော်မူ၏။ ငါအသက်ထင်ရှားရှိနေစဉ် အခြားရဟန်းတစ်ပါးပါး၏ တာဝန်မဖြစ်ချေ။ ငါ၏ခန္ဓာကိုယ်သည်လည်း ရဟန်းသံဃာ၏ ကြောင့်ကြမှု မဖြစ်ပါစေနှင့်လို့ ဆင်ခြင်တော်မူကာ တေဇောခတ်ဝင်စားပြီး ရဟန်းသံဃာ၏အလယ်၌ ထိုင်လျက်ပင် ခန္ဓာကိုယ်က မီးထွက်ပြီး လောင်ကျွမ်းသွားတယ်။ အရေအသားအသွေးများဟာ ထောပတ်မီးလောင်သလို ကုန်ခန်းသွားတယ်။ မုလေးငုံအဆင်းရှိတဲ့ အရိုးခတ်များသာ ကြွင်းကျန်သတဲ့။

ခတု = ခတ်ဆိုတာဟာ “အရိုး”လို့ ဆိုလိုရင်းဖြစ်တယ်။ ဒါကြောင့် အဓိဋ္ဌာန်ချက်ကြောင့် အရိုးတွေ ကြေမွပြီး အလုံးအလုံး အစိတ်အစိတ် ဖြစ်လာသည်ပင်ဖြစ်စေ၊ အလုံးအလုံးမဖြစ်ဘဲ ပကတိအရိုးအတိုင်း ကျသည်ဖြစ်စေ ခတုဆိုတဲ့ပုဒ်က အရိုးကို ဟောတဲ့အတွက် (ခတ်တော်ကျတယ်)လို့ပင် ခေါ်ဆိုနိုင်ပါတယ်။

## အရိုးခွဲခြားပုံ

ကျန်ရစ်တဲ့ အရိုးဟာ အညစ်အကြေးမတင်, ဖြူဖြူစင်စင်, သန့်သန့်ရှင်းရှင်း,နှစ်သက်စဖွယ်, ကြည်ညိုစဖွယ်အသွင်ကိုဆောင်လျှင် ရဟန္တာသော်လည်း

ကောင်း၊ သီလဝန္တ(သီလရှိသူ)ပုဂ္ဂိုလ်သော်လည်း ကောင်း ဖြစ်ရမယ်လို့ ယုံကြည်သင့်တာပေါ့။ အကယ်၍ ကျန်ရစ်တဲ့ အရိုးဓာတ်ဟာ မည်းမည်းညစ်ညစ်, ညှိုညှို ဟောက်ဟောက်, မသန့်မစင်, နှစ်သက်ဖွယ်မရှိ, ကြည်ညိုဖွယ်မရှိဖြစ်ခဲ့လျှင် ကိလေသာမကုန်သေးသော ပုဂ္ဂိုလ်လို့ ယုံကြည်သင့်ပါတယ်။

(တည်တောဆရာတော်၊ ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ။ အမှတ်စဉ်-၂။"ရဟန္တာဓာတ်တော်" ဆောင်းပါးမှ)

## ရဟန္တာဓာတ်တော်အကြောင်း မဟာစည်ဆရာတော် မိန့်ကြားချက်

" ရဟန္တာဓာတ်တော်ဆိုတာ အရိုးတွေပါပဲ၊ မြန်မာပြည်မှာတော့ ဓာတ်တော်ဆိုရင် ဘုရားဓာတ်တော်များလို အလုံးအလုံးကလေးတွေလို့ ဒီလို အများက ထင်မြင်ယူဆပြောဆိုနေကြတယ်၊ အမှန်မှာတော့ အဲဒီလို မဟုတ်ပါဘူး၊ ဘုရားဓာတ်တော်များသာ မြတ်စွာဘုရား၏ အဓိဋ္ဌာန်ချက်ကြောင့် အလုံးအလုံး ကလေးတွေ ဖြစ်ကြတာပါ။ ရဟန္တာများ၏ ဓာတ်တော်များကတော့ ပကတိအရိုးအတိုင်းပါပဲ။ ဘာကြောင့် ဒီလိုသိရသလဲဆိုရင် ဘုန်းကြီးတို့ အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့ကို သီးသန့်လေယာဉ်ဖြင့် သွားပြီး အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်တို့၏ ဓာတ်တော်များကို ပင့်ဆောင်စဉ်အခါတုန်းက ဓာတ်တော်တိုက်ထဲမှာ အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန်တို့၏ ဓာတ်တော်တွေကို ထင်ရှားတွေ့ခဲ့ရပါတယ်။ပကတိအရိုးအတိုင်းပါပဲ။ အရောင်အဆင်းကတော့ ဖြူဖွေးနေတယ်။ ပုံသဏ္ဌာန်ကတော့ လက်ဆစ်ကလေးတွေဟာ လက်ဆစ်ကလေးများ အတိုင်းပါပဲ။ အစွန်းနှစ်ဖက်အဆစ်နေရာများက ကြီးပြီး ခါးလယ်က သေးနေတယ်။ အဲဒီ အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန်တို့၏ ဓာတ်တော်များတောင် ပကတိအရိုးအတိုင်း ရှိနေတယ်ဆိုတော့ ဒိပြင်ရဟန္တာများ၏ ဓာတ်တော်များဟာလည်း ပကတိအရိုးအတိုင်းပဲ ရှိနေမယ်ဆိုတာ သံသယဖြစ်ဖွယ်မရှိပါဘူး၊ ဒါကြောင့် ယခုမြန်မာပြည်မှာ ရှိသေလေးစားအပ်တဲ့ ဆရာတော်တစ်ပါးပါး ပျံလွန်တော်မူလို့ မီးသင်္ဂြိုဟ်တဲ့အခါ ကျောက်ခဲတုံးကလေးများလို ဓာတ်တော်များကျတယ်ဆိုတာကို ချင့်ပြီးယုံကြဖို့ပါပဲ။"

(မဟာစည်ဆရာတော်၊ သလ္လေခသုတ်တရားတော်ကြီး၊ ပထမတွဲ၊ စာ-၇၃)

## ရဟန္တာဆိုတာ သိနိုင်ခဲ

သာမန်ပုဂ္ဂိုလ်တွေအဖို့ ရဟန်းတော်တစ်ပါးကို ဒီရဟန်းတော်ကတော့ ရဟန္တာပါပဲဆိုတာကို သိနိုင်ခဲသည်။ ပုထုဇဉ်တွေ မဆိုထားဘိ၊ သောတာပန်ရဟန်းတော်သည်ပင် မသိနိုင်ပါပေ။ ရဟန္တာတစ်ပါးနှင့် သောတာပန် ရဟန်းငယ်တစ်ပါး ရွာထဲ ဆွမ်းခံကြွဝင်လာသည်။ ပထမဆုံးအိမ်က ယာဂု(ဆန်ပြုတ်) ပူပူလေးလောင်း လှူလိုက်သည်။ ဆန်ပြုတ်ပူပူလေး ရတယ်ဆိုရင်ပဲ ရဟန္တာအရှင်မြတ်ကြီးသည် လမ်းဘေးက သစ်တုံးပေါ်မှာ ထိုင်ပြီး ဘုဉ်းပေးလိုက်သည်။ အမြင်မတော်ဖွယ် ဖြစ်သွားသည်။သောတာပန် ရဟန်းငယ်က "ဒီကိုယ်တော်ကြီးနှယ်၊ ဆာ-ဆာတတ်လွန်းတယ်၊ ဒကာ, ဒကာမတွေ အကြည်ညိုပျက်ပါလိမ့်အုံးမယ်" ဆိုပြီး ကဲ့ရဲ့စကားဆို လိုက်မိသည်။ ရဟန္တာအရှင်မြတ်ကြီးမှာ လေနာရောဂါရှိသည်ဆို၏။

ကျောင်းပြန်ရောက်တော့ ရဟန္တာ အရှင်မြတ်ကြီးက သောတာပန်ရဟန်းငယ်ကို "ငါ့ရှင်၊ ဒီသာသနာတော်မှာ သင်-ထောက်တည်ရာ ရပါပြီလား" လို့ မေးတော်မူသည်။ သောတာပန်ရဟန်းငယ်က "မှန်ပါ၊ တပည့်တော် သောတာပန်ဖြစ်ပါပြီဘုရား" ဟု လျှောက်လျှင် "သင်-ရှေ့ဆက် တရား အားမထုတ်နဲ့တော့၊ သင်ရဟန္တာကို ပြစ်မှားမိပြီ"ဟု မိန့်တော်မူလိုက်သည်။ ထိုအခါ သောတာပန် ရဟန်းငယ်က ခွင့်လွှတ်ဖို့ တောင်းပန် လျှောက်ထားသည်။ ရဟန္တာအရှင်မြတ်ကြီးက ခွင့်လွှတ်လိုက်သည်။ ဝစီကံအပြစ် ပြေပျောက်သွားသည်။

သောတာပန်ရဟန်းငယ်သည် ရဟန္တာမှန်း မသိ၍ ပြစ်မှားမိခြင်းဖြစ်သည်။ ရဟန္တာမှန်း သိခဲ့လျှင် ပြစ်မှားဝံ့မည် မဟုတ်ပေ။

## ရောင်ခြည်တော်လွှတ်မှုနှင့် ပတ်သက်၍ မိလိန္ဒမင်းအား အရှင်နာဂသိန်မိန့်ကြားချက်

(၁) ရဟန္တာတစ်ပါးသည် ပရိနိဗ္ဗာန်စံတော်မမူမီကပင် လူနတ်တို့ကို သနားတော်မူသောကြောင့် " ငါ၏ အရိုးဓာတ်ဌာပနာရာစေတီတော်မှ မည်သည့်တန်ခိုးမျိုး ထွက်ပေါ်ရစ်စေသတည်း"ဟု အဓိဋ္ဌာန်တော်မူတတ်၏။ ထိုအဓိဋ္ဌာန်တော်မူချက်ကြောင့်လည်း စေတီတော်မှ ရောင်ခြည်တော်စသော တန်ခိုးများ ပေါ်ထွက်တတ်လေသည်။

(၂) သာသနာကျိုးကို များစွာလိုလားသော နတ်တို့သည် "စေတီတော်၌ တန်ခိုးပြရလျှင် သာသနာတော်ကို ပိုမို၍ ကြည်ညိုကြလိမ့်မည်။ ကြည်ညိုသူတို့မှာ ကုသိုလ်တရားတိုးပွားလိမ့်မည်"ဟု ကောင်းမြတ်သော ဆန္ဒဖြင့် တန်ခိုးပြတတ်ကြ၏။ ထိုသို့ နတ်များ၏ တန်ခိုးပြမှုကြောင့်လည်း စေတီတော်မှ တန်ခိုးပေါ်ထွက်တတ်လေသည်။

(၃) သဒ္ဓါတရားထက်သန်သော အမျိုးသား အမျိုးသမီး လူကြီးလူကောင်းတို့သည် ပန်းနံ့သာ အဝတ်စသော လှူဖွယ်ဝတ္ထုများကို စေတီတော်သို့ တင်လှူလျက် "မည်သည့် တန်ခိုးများပြပါစေသား" ဟုအဓိဋ္ဌာန်တတ်ကြ၏။ ထိုသို့ သဒ္ဓါထက်သန်သူတို့၏ ထူးခြားသော အဓိဋ္ဌာန်မှုကြောင့်လည်း စေတီတော်မှ တန်ခိုး ထွက်ပေါ်တတ်သည်။ ဤသို့ မိလိန္ဒမင်းအား အရှင်နာဂသိန် မိန့်တော်မူသည်။

ဤအမိန့်တော်ကို ထောက်ထားလျှင် ဘုရားရှင်နှင့် ရဟန္တာများ၏ အထူးအဓိဋ္ဌာန်ထားချက် မရှိသော စေတီတော်မှ ရောင်ခြည်တော်များ ထွက်ဖို့ရန် မဖြစ်နိုင်၊ အကယ်၍ရောင်ခြည်တော် ထွက်ရိုးမှန်လျှင်လည်း ဆိုင်ရာနတ်များက ဆောင်ပြခြင်းသာ ဖြစ်ရာ၏။ ဘုရားရှင်၏ အဓိဋ္ဌာန်ချက်ကြောင့် မဟာဗောဓိပင်မှလည်းကောင်း၊ အရိုးဓာတ်တော်များမှလည်းကောင်း၊ ရောင်ခြည်တော်များ ခမ်းနားစွာကွန့်မြူးကြောင်း, သာသနာတော်ကွယ်သောအခါ ဓာတ်တော်အားလုံး စုရုံး၍ ဘုရားပွင့်တော်မူရာ မူလမဟာဗောဓိပင်သို့ ကြွတော်မူပြီးလျှင် ရောင်ခြည်တော်များ ကွန့်မြူးကြလိမ့်မည့် အကြောင်းမျှသာ ကျမ်းဂန်၌ လာလေသည်။ သူတစ်ပါးက လုပ်၍ပြသော အတုရောင်ခြည်များကို ဘုရားရောင်ခြည်တော်ဟု မထင်မှားမိပါစေနှင့်။

(အရှင်ဇနကာဘိဝံသ၊ ရတနာ့ဂုဏ်ရည်၊ စာ-၈)

ဘုရားရုပ်ပွားတော်နှင့် ရဟန္တာဓာတ်တော်ကို ဌာပနာတိုက်တစ်ခုထဲမှာ အတူထည့်သွင်းခြင်းမပြုကောင်း ဆိုသည်ကို မတွေ့ဖူးသေးပါ။ မပြုကောင်းစရာ အကြောင်းမရှိ၊ ပြုကောင်းသည်ဟုသာ ထင်မိကြောင်း ဖြေကြားလိုက်ပါသည်။

တက္ကသိုလ်သောတုဇန (မဟာဓမ္မာစရိယ)

### ကြိုးစားဖို့သာလိုရင်းပါ

သက်မဲ့,သက်ရှိ၊ကွဲပြားဘိလည်း၊
တုဘိစိတ်ထား၊မြတ်ဘုရား၌၊ရှိခြားလေမူ၊
ထိုသည့်သူသည်၊ရမူအကျိုး၊တန်ခိုးတေဇာ၊
တူသည်သာမို့၊ဘယ်ဟာဘယ်လို၊
တွေးမပိုဘဲ၊ကြည်ညိုဂုဏ်ပွား၊
အားထုတ်များလျက်၊ကြိုးစားရွှေသာ၊
ကောင်းမှုရှာလော့၊
တေဇာတန်ခိုး၊နေ့တိုင်းတိုးလိမ့်။

အရှင်ကေလာသ (မစိုးရိမ်)

# "အကောင်းမြင်ဝါဒနှင့် ငြိမ်းချမ်းရေး"

အရှင်ကေလာသ (မစိုးရိမ်)

အရှေ့လောကဓာတ်မှ ထွက်ပေါ်လာသော အံသုမာလီ သူရိယနေမင်းကြီး၏ အပူရောင်ကြောင့် ကမ္ဘာလောကကြီး တစ်ခုလုံးသည် ပူလောင်လျက်ရှိသည်။ ထိုနေရောင်၏ အပူထက် ပိုမို ပူပြင်းသော အပူသည် ကမ္ဘာပေါ်ရှိနိုင်ငံများ အသီးသီးတွင် ကိုယ်စီရှိနေကြသည်။ လောကကြီးတစ်ခုလုံး နိုင်ငံအသီးသီးတို့ ပူလောင်နေကြသည်။ လောကကြီးတစ်ခုလုံး၊ နိုင်ငံအသီးသီးတို့ ပူလောင်နေကြသည်ဆိုသည်မှာ ထိုလောကကြီးတွင်လည်းကောင်း၊ နိုင်ငံအသီးသီးတွင်လည်းကောင်း မှီတင်းနေထိုင်ကြကုန်သော သတ္တဝါတို့၏ အဇ္ဈတ္တသန္တာန်၌ ဒေါသအပူ ပူလောင်နေသောကြောင့် ထိုသတ္တဝါတို့တည်ရှိရာ ကမ္ဘာလောကကြီး၊ နိုင်ငံအသီးသီးတို့ ပူလောင်နေသည်ဟု ဆိုရခြင်းဖြစ်သည်။ ထိုကဲ့သို့ ပူလောင်နေသောကြောင့် သတ္တဝါတို့သည် ငြိမ်းအေးမှုမရှိ စိုးရိမ်သောက ဗျာပါရများဖြင့်သာ နှိပ်စက်ခံနေကြရသည်။ ထိုကဲ့သို့သောသဘောသည် သတ္တဝါတို့ တစ်ဦးနှင့်တစ်ဦး ပေါင်းသင်းဆက်ဆံမှုအပေါ် မူတည်နေသည်ဖြစ်ရာ ထိုဆက်ဆံမှုကို အေးငြိမ်းမှုသဘောသို့ ဦးတည်ပေးရမည် ဖြစ်သည်။ ဦးတည်ရာကား အမြင်ပင် ဖြစ်သည်။ တစ်ဦးအပေါ်တစ်ဦး သင့်တင့်လျောက်ပတ်သောအားဖြင့် နှလုံးသွင်းဆက်ဆံခြင်းပင် ဖြစ်သည်။ အထင်အမြင် နှလုံးသွင်းမှုတို့ကို သင့်တင့်လျောက်ပတ်သောသဘောသို့ ဦးတည်သည်ရှိသော် သတ္တဝါအများ ပူလောင်ခြင်း ကင်းဝေးလျက် အေးငြိမ်းချမ်းသာခြင်းကို ကိုယ်စီကိုယ်စီ ရရှိကြလိမ့်မည်သာ ဖြစ်သည်။

## အကောင်းမြင်ဝါဒ

အကောင်းမြင်ဝါဒဟူသည် တစ်ယောက်သောသူ၏ ကောင်းသည့် အချက်အလက်ကိုသာ ရှာဖွေ၍ ကြည့်ရှုသော ဝါဒဖြစ်သည်။ မိမိမြင်ရာအာရုံ ကြားရာအာရုံစသည်အပေါ်၌လည်းကောင်း၊ မိမိနှင့် ပြောဆိုဆက်ဆံသောသူ၌လည်းကောင်း မကောင်းသည့် အချက်အလက်၊ အပြစ်တင်စရာတို့ကို မကြည့်ရှုဘဲ ချီးမွမ်းစရာကောင်းသည့် အချက်အလက် အကြောင်းအရာကိုသာ ကြည့်ရှုခြင်း၊ ကြည့်ရှုလေ့ရှိသောဝါဒဖြစ်သည်။ မိမိနှင့် ပြောဆိုဆက်ဆံပေါင်းသင်းသောသူသည် အယုတ်ဆုံးအားဖြင့် မည်မျှပင် ဆိုးစေကာမူ ကောင်းသည့်အချက်အလက် အကြောင်းအရာကို ရွေးချယ်ကြည့်ရှုခြင်း ဖြစ်သည်။ ထိုအကောင်းမြင်ဝါဒကို ပါဠိဘာသာအားဖြင့် ယောနိသောမနသိကာရ-ဟုခေါ်ဆိုသည်။ ယောနိသော-သင့်သော အကြောင်းအားဖြင့်၊ မနသိကာရ-နှလုံးသွင်းခြင်း၊ ဆင်ခြင်စဉ်းစားခြင်း ဖြစ်သည်။ သင့်တင့်လျောက်ပတ်သည်ကိုသာ ကောင်းသည့် အချက်အလက်ကိုသာ စဉ်းစားခြင်း ဖြစ်သည်။ အကောင်းဘက်ကသာ တွေးတောခြင်း ဖြစ်သည်။

စာရေးသူ ငယ်စဉ်ဘဝ သာသနာ့ဘောင်သို့ ရှင်သာမဏေအဖြစ်ဖြင့် ဝင်ရောက်စဉ်က ရှေ့ဦးစွာ ရှင်ကျင့်ဝတ်ခေါ် ရှင်သာမဏေတို့ ကျင့်ဆောင်ရမည့် အကျင့်သိက္ခာများကို ကျက်မှတ်ရာဝယ်-ပဋိသင်္ခါယောနိသော စီဝရံ ပဋိသေဝါမိ-ယောနိသော၊ သင့်သောအကြောင်းအားဖြင့်၊ ပဋိသင်္ခါ ပဋိသင်္ခါယ၊ ပညာဖြင့် ဆင်ခြင်၍။ စီဝရံ သင်္ကန်းကို၊ ပဋိသေဝါမိ၊ မှီဝဲသုံးဆောင်ပါ၏-စသည်ဖြင့် ကျက်မှတ်ခဲ့ရသည်။ အာဂုံအလွတ်အားဖြင့်သာ ဆရာဘုန်းကြီး ကျက်ခိုင်း၍ ကျက်ခဲ့ရသည်။ ထိုကျက်မှတ်ရသော စာ၏သဘောဆိုလိုရင်းကို သဘောမပေါက်ခဲ့။ အနည်းငယ် ကြီးပြင်းလာသောအခါမှ သဘောပေါက် နားလည်ခဲ့သည်။

ထိုကျက်မှတ်ရသော ပစ္စဝေက္ခဏာ၏ ဆိုလိုချက်မှာ - ဤသင်္ကန်း စသည်ကို သုံးဆောင်ခြင်းသည် ကိုယ်ရေး အဆင်း လှပပြေပြစ်ရန်အတွက် မဟုတ်၊ မှက်, ခြင်, ယင်, နေပူ,လေပူစသောဘေးရန်တို့မှ ကာကွယ် တားဆီးရန်သာ ဖြစ်သည်-ဟု ဆင်ခြင်စေခြင်း ဖြစ်သည်။ ထိုကဲ့သို့ မဆင်ခြင်သော် မည်ကဲ့သို့ ဖြစ်မည်နည်း။ မိမိကိုယ်ကို လှပပြေပြစ်အောင် ပြင်ဆင်ခြင်းဟု နှလုံးသွင်းဆင်ခြင်ခဲ့သော် ထိုပြင်ဆင်မှုကို သာယာ တပ်မက်နေမည်သာ ဖြစ်သည်။ ထိုသာယာမှုလောဘ သည် တစ်ဦးတည်း မလာ၊ အပေါင်းအဖော်နှင့် လာသည်။ သာယာမှုလောဘနောက်ဝယ် ငါလှပ တင့်တယ်သည်ဟူသော မာန်ယဇ်မှု မာန၊ မိမိကိုယ်ကို မိမိ အထင်ကြီးမှု မာနများ၊ အကယ်၍ မိမိထက်လှပ ပြေပြစ်သူကိုတွေ့သော် မနာလိုမှု ဣဿာ၊ မကျေနပ်မှု ဒေါသစသော အကုသိုလ်တရားများ ဝင်ရောက်လာ ပေမည်။ တန်းတူပြေပြစ်သူကိုတွေ့သော် မိမိကဲ့သို့ မပြေပြစ်စေမှု မစ္ဆရိယ၊ ဒေါသစသော အကုသိုလ် တရားများ ဝင်ရောက်လာပေမည်။ မိမိထက်နိမ့်ကျ သူကို တွေ့သော် မိမိကိုယ်ကို အထင်ကြီးမှု၊ သူတပါးကို နှိမ့်ချမှု မာနစသော အကုသိုလ်တရားများ ဝင်ရောက် လာနိုင်သည်။ ဆင်ခြင်လိုက်သော် ထိုမာနစသော အကုသိုလ် တရားများမှ ကင်းစင်လွတ်မြောက်သွား ပေသည်။ ထို့အတူပင် တစ်ဦးနှင့်တစ်ဦး ပြောဆို ဆက်ဆံပေါင်းသင်းရာ၌လည်း အသင့်အားဖြင့် ဆင်ခြင်ခဲ့သော် အကုသိုလ်တရားများ မိမိသန္တာန်၌ ဖြစ်ပွားခြင်းမှ ကင်းဝေးပြီး အချင်းချင်း ဆက်ဆံရေး လည်း ပြေပြစ်ကာ နှစ်ဦးနှစ်ဘက် အဆင်ပြေလျက် ငြိမ်းချမ်းမှုရရှိပေလိမ့်မည်။

လူသည် တစ်ဦးတစ်ယောက်တည်း နေထိုင်သော သတ္တဝါမဟုတ်၊ တစ်ဦးတစ်ယောက်တည်း နေထိုင်၍ မရ၊ အများနှင့် ဆက်ဆံပေါင်းသင်းနေရ သည်။ အများနှင့် ဆက်ဆံပေါင်းသင်းရသဖြင့် ပြုလုပ်မှု ကာယကံ၊ ပြောဆိုမှု ဝစီကံ၊ ကြံစီစဉ်းစားတွေးတောမှု မနောကံတို့တွင် တစ်ခုမဟုတ် တစ်ခု ဖြစ်ပွားလျက် ရှိသည်။ အဘိဓမ္မာသဘော ပရမတ္ထ သဘောတရား အရ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်,စိတ်ဟူသော ဒွါရခြောက်ပါး တံခါးခြောက်ပေါက်တို့ဖြင့် ဆက်ဆံ ပေါင်းသင်းနေကြရသည်။ မျက်စိဟူသော တံခါးပေါက် မှ ရူပါရုံဟူသော တစ်စုံတစ်ခု မိမိထံ ဝင်ရောက်လာ ပေသည်။ ထိုဝင်ရောက်လာသော အဆင်းဟူသော ရူပါရုံသည် မိမိကြိုက်နှစ်သက်သော အဆင်းအာရုံ လိုချင် တပ်နှစ်သက်ဖွယ် ဣဋ္ဌာရုံဟူသော အဆင်းအာရုံ လည်း ဖြစ်ချင် ဖြစ်မည်။ မိမိမကြိုက်မနှစ်သော မနှစ်သက်ဖွယ် အနိဋ္ဌာရုံ ဟူသော အဆင်းအာရုံလည်း ဖြစ်ချင်ဖြစ်မည်။ လူသည် ထိုသို့သော အာရုံတို့တွင် ကြိုက်နှစ်သက်ဖွယ်အာရုံကို တွေ့မြင်ခဲ့သော် ချီးမွမ်း၍ မကြိုက်နှစ်သက်ဖွယ် အာရုံကို တွေ့မြင်ခဲ့သော် အပြစ်တင်တတ်သည်။ အပြစ်ပြောတတ်သည်။ ယုတ်စွအဆုံး မကြိုက်မနှစ်သက်သည့် သဘော လက္ခဏာများ ပြုလုပ်ပြောဆိုတတ်သည်။ ထေ့ငေါ့ တတ်ကြသည်။ ထိုသို့သော သဘောလက္ခဏာသည် ဒေါသ၏ သဘောလက္ခဏာပင် ဖြစ်သည်။ သိမ်မွေ့ သော ဒေါသပင် ဖြစ်သည်။ မိမိထံသို့ သိမ်မွေ့သော ဒေါသဝင်ရောက်လာသည်၊ မိမိသန္တာန်၌ သိမ်မွေ့သော ဒေါသဖြစ်လာသည်ကို မသိရှိ လိုက်ကြပေ။ ထိုသို့သော သိမ်မွေ့သော ဒေါသဝင်ရောက်ဖြစ်ပေါ်လာခြင်းမှာ မျက်စိဖြင့်မြင်ရသော မိမိမကြိုက် မနှစ်သက်သည်ကို ဆင်ခြင် တွေးတောခံစားမှု စဉ်းစားမှုမှ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ထို့အတူပင် နားဖြင့်ကြားရာသဒ္ဒါရုံ၊ နှာခေါင်း ဖြင့် နံရာ ဂန္ဓာရုံ၊ လျှာဖြင့်လျက်ရာ ရသာရုံ၊ ကိုယ်ဖြင့် တွေ့ထိရာ ဖောဋ္ဌဗ္ဗာရုံ၊ စိတ်ဖြင့် တွေးတောမိရာ ဓမ္မာရုံတို့မှလည်း မကြိုက်မနှစ်သက်သည်ကို ကြားခြင်း၊ မကြိုက်မနှစ်သက်သည်ကို နံခြင်း၊ မကြိုက် မနှစ်သက် သည်ကို လျက်ခြင်း၊ မကြိုက်မနှစ်သက်သည့် အတွေ့ အထိကို တွေ့ထိမိခြင်း၊ မကြိုက်မနှစ်သက်သည်ကို တွေးမိခြင်းတို့ဖြစ်ပေါ်ခဲ့သော် အလိုမကျမှု,စိတ်ဆိုးမှုများ ဖြစ်ပေါ်လာတတ်သည်။ ထိုစိတ်ဆိုးမှုသည် မိမိစိတ်ထဲ

တွင်သာ ကျေပျောက်မသွားဘဲ ပြင်ပသို့ ထွက်အံလာတတ်ကြသည်။ ပြင်ပသို့ ထွက်အံကျလာသည့်အခါ အပြစ်တင်မှုစသည်ကို ပြုလုပ်ပြောဆိုတတ်ကြသည်။ ထိုသို့သော သဘောလက္ခဏာသည် ဒေါသဖြစ်ပေါ်ရန် အကြောင်း ဖြစ်သည်။ ဒေါသဟူသော စိတ်ဆိုးစိတ်ယုတ်၏ လက္ခဏ,ရသ,ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ဟူသော အကြောင်းလေးပါးကို ကြည့်ရှုလေ့လာသည့်အခါ ထိုအကောင်းမမြင်သောအလေ့အထသည် ဒေါသဖြစ်ပေါ်ရန် အခြေခံအကြောင်းဖြစ်သည်ကို တွေ့နိုင်ပေသည်။

## ဒေါသ၏လက္ခဏာ

လက္ခဏာဟူသည် အမှတ်အသားသဘောတရား ဖြစ်သည်။ ဒေါသ၏လက္ခဏာမှာ ပျက်စီးခြင်းသဘော၊ ဒေါသဖြစ်တည်ရာ သတ္တဝါများ, မိမိနှင့်အတူ ဖြစ်ဖေါ်ဖြစ်ဖက် နာမ်တရားများကို ဖျက်ဆီးတတ်သော သဘောလက္ခဏာရှိပေသည်။ ဒေါသသည် မိမိကြမ်းတမ်းသကဲ့သို့ အတူဖြစ်ဖေါ်ဖြစ်ဖက် ရုပ်တရား၊ နာမ်တရားများကိုလည်း ကြမ်းတမ်းစေခြင်း သဘောရှိသည်။ ဒေါသနှင့်ပေါင်းမိသော ရုပ်နာမ်တရားတို့သည် ဓားပြသူခိုးနှင့် ပေါင်းမိသူများပမာ ဗိုလ်ချုပ်ခေါင်းဆောင်ဖြစ်သော ဒေါသ၏သဘောအတိုင်း ကြမ်းတမ်းလာရမြဲသဘော ရှိ၏။ ဒေါသအားကြီးလျှင် အားကြီးသလောက်၊ အားနည်းလျှင် နည်းသလောက် ရုပ်အဆက်ဆက်ထိခိုက်၍ ကိုယ်အမူအရာ နှုတ်အမူအရာများ သိသိသာသာကြီး ဖေါက်ပြန်ပြောင်းလဲလာလေ့ရှိသည်။ ဤသည်မှာ ဒေါသသဘောပင် ဖြစ်လေသည်။ ဒေါသဖြစ်ပေါ်လာသည့်အခါ မျက်စိမျက်နှာ နီမြန်းလာခြင်း၊ တစ်ဖက်သားကို စားမလို ဝါးမလို ကြည့်ရှုခြင်း၊ လက်သီးဖြင့် ချိန်ရွယ်ခြင်း၊ လက်နက်ရှာဖွေခြင်း၊ စွဲကိုင်ခြင်း၊ လက်နက်ဖြင့် ချိန်ရွယ်ခြင်း၊ ရိုက်နှက်ထိုးခုတ်ခြင်း၊ လက်သီးဖြင့် ထိုးခြင်း၊ သတ်ဖြတ်ခြင်း၊ ဆူပူကြိမ်းမောင်းခြင်း၊ အော်ဝေါက် ဆဲရေးတိုင်းထွာခြင်း၊ အနီးအနားရှိ ပစ္စည်းပစ္စယများကို ပေါက်ခွဲခြင်းစသော သွင်ပြင်လက္ခဏာတို့သည် ဒေါသကြောင့် ဖြစ်ပေါ်လာသည့် အကျိုးတရားများပင် ဖြစ်သည်။ ယင်းသဘောတရားများကို ကြည့်သော အားဖြင့် အကြောင်းရင်းတရားခံဖြစ်သော ဒေါသ၏ ကြမ်းတမ်းခြင်း ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်းဟူသော သဘောလက္ခဏာကို သိနိုင်ပေသည်။

## ဒေါသ၏ ရသ (၂)မျိုး

ဒေါသ၏ရသခေါ်ကိစ္စမှာ ၂-မျိုးရှိသည်။ ၎င်းတို့မှာ -

၁။ ဒေါသသည် ဖြစ်ပွားသူ၏ တစ်ကိုယ်လုံး၌ မလိုလားအပ်၊ မကြိုက်မနှစ်သက်အပ်သော အနိဋ္ဌရုပ်များကို ဖြစ်ပေါ်စေခြင်းကိစ္စရှိ၏။

၂။ ဒေါသသည် မိမိမှီရာပုဂ္ဂိုလ်ကို (ဝါ)မိမိမှီရာပုဂ္ဂိုလ်၏ ဟဒယဝတ္ထုရုပ်ကို လောင်ကျွမ်းခြင်း၊ ပူလောင်စေခြင်း ကိစ္စရှိ၏။

ရသဟူသည် အကျိုးတရားဖြစ်သည်။ ဒေါသကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားဖြစ်သည်။ ဒေါသတရား ဖြစ်ပေါ်လာသောသူသည် ပုံမှန်ပင်ကိုယ်အနေအထားမှ ပြောင်းလဲ၍ ကြမ်းတမ်းသောအဖြစ်သို့ ပြောင်းလဲသွားသည်။ ပုဂ္ဂိုလ်သတ္တဝါ တစ်ဦးတစ်ယောက်၏ သန္တာန်တွင် ဒေါသဝင်ရောက်လာသည့်အခါ ကိုယ်အမူအရာ နှုတ်အမူအရာ၊ အထူးသဖြင့် မျက်နှာအမူအရာသည် ပြောင်းလဲသွားသည်ကို တွေ့မြင်ကြဖူးသည်။ ထိုပုဂ္ဂိုလ်သည် မျက်နှာအမူအရာ မာကြောလာခြင်း၊ နဖူးကြောများ တင်းလာခြင်း၊ မျက်စိမျက်နှာနားရွက်တို့ နီမြန်းလာခြင်း၊ မျက်ရည်လည်လာပြီး အရောင်တလက်လက် တောက်လာခြင်း၊ ချွေးထွက်လာခြင်း၊ တစ်ဖက်ပုဂ္ဂိုလ်အား မလေးမစားပမာမခန့် ကြည့်ခြင်း၊ မျက်စောင်းထိုးခြင်း၊ နှုတ်ခမ်းကို တင်းကြပ်စွာ ကိုက်ထားခြင်းစသည့် အမူအရာများ ပြောင်းလဲလာသည်။ စကားပြောဆိုသည့်အခါ

အသံများတုန်လာခြင်း၊ စကားပြော ထစ်လာခြင်း၊ ကြမ်းတမ်းသည့်စကားလုံးများ ထွက်လာခြင်း စသည်တို့ ဖြစ်ပေါ်လာသည်။

ထို့ပြင် ဒေါသသည် မှီရာဖြစ်သော ပုဂ္ဂိုလ်၏ နှလုံးအိမ်အတွင်း၌ရှိသည့် ဟဒယဝတ္ထုရုပ်ကို လောင်ကျွမ်းပြီး ဖြစ်ဖော်ဖြစ်ဖက် နာမ်တရားတို့ကို ပူလောင်စေသဖြင့် တစ်ကိုယ်လုံးသည် အပူဓာတ်ကူးစက် နေတော့သည်။ သွေးခုန်နှုန်း မြန်လာသည်။ အချို့သောသူများသည် ဒေါသဖြစ်ပေါ်လာမှုကြောင့် ခေါင်းမူးခြင်း၊ နှလုံးရောဂါရခြင်း၊ အသက် ဆုံးရှုံးသည့်အခြေအနေသို့ ရောက်ခြင်း စသည်တို့ ဖြစ်ကြသည်ကို တွေ့ဖူးကြပေလိမ့်မည်။ ဤသည်မှာ ဒေါသ၏ကိစ္စပင် ဖြစ်သည်။

## ဒေါသ၏ ပစ္စုပဋ္ဌာန်

ပစ္စုပဋ္ဌာန်ဟူသည် ရှေးရှုတည်ခြင်း၊ ဖြစ်ပေါ်စေခြင်း၊ ပြုလုပ်ပေးခြင်း ဖြစ်သည်။ ဒေါသသည် မိမိသူတစ်ပါး နှစ်ဦးသားတို့ကို ဖျက်ဆီးတတ်သော သဘောရှိသည်။ ဥပမာအားဖြင့်- တစ်စုံတစ်ခုကို မီးညှိ မီးရှို့ရန်အတွက် ယမ်းမီးခြစ်ဘူးမှ မီးခြစ်ဆံကိုယူ၍ မီးခြစ်လိုက်သည်ရှိသော် ထိုမီးခြစ်ဆံသည် တစ်စုံတစ်ခုကို မလောင်မှီ မိမိကို ဦးစွာလောင်သကဲ့သို့ ဒေါသသည်လည်း သူတစ်ပါးကို အမျက်ထွက်သည့်အခါ သူတစ်ပါးကို မဖျက်ဆီးမီ မိမိကိုယ်ကိုမိမိ ဦးစွာ ဖျက်ဆီးသည်။ ထို့နောက်မှ သူတစ်ပါးကို ပြောဆိုကြိမ်းမောင်းခြင်း စသည်ဖြင့် ဖျက်ဆီးလေသည်။ အဖျက်အဆီးခံရသော သူသည်လည်း ကိုယ်နှုတ်တို့ဖြင့် ပြန်လှန်၍ ပြောဆိုသဖြင့် ဒေါသဖြစ်ရခြင်း၊ စိတ်ကိုထိန်းချုပ်နိုင်၍ ကိုယ်နှုတ်တို့ဖြင့် မလွန်ကျူးသော်လည်း စိတ်ထဲ၌ ဒေါသဖြစ်ရခြင်းတို့ ဖြစ်ရသည်။

ဤသို့ဖြင့် ဒေါသသည် မိမိကိုယ်ကိုသာ ဖျက်ဆီးပြီး ဒုက္ခပေးသည်မဟုတ်၊ သူတစ်ပါးကိုလည်း ဖျက်ဆီးဒုက္ခပေးသည်။ ဦးစွာ ဒေါသထွက်သူသည် ဒုတိယပုဂ္ဂိုလ်အား ဖျက်ဆီးသလို ထိုဒုတိယပုဂ္ဂိုလ်ကလည်း တတိယပုဂ္ဂိုလ် စသောအဆက်ဆက်တို့အား ဖျက်ဆီးနိုင်လေသည်။

## ဒေါသ၏ ပဒဋ္ဌာန်

ပဒဋ္ဌာန်ဟူသည် အကြောင်းအရာတစ်ခု ဖြစ်ပေါ်ရန် နီးစွာသောအကြောင်း၊ အခြေခံအကြောင်းတရား ဖြစ်သည်။ ဒေါသဖြစ်ပေါ်ရန်အကြောင်းတို့မှာ-

၁။ အနိဋ္ဌာရုံဟူသော မကြိုက်မနှစ်သက်ဖွယ် အာရုံ။

၂။ အယောနိသောမနသိကာရဟူသော မသင့်မလျော်၊ မသင့်မတင့် နှလုံးသွင်းခြင်း၊ စဉ်းစားဆင်ခြင်ခြင်းတို့ ဖြစ်လေသည်။ အခြားသော အာဃာတဝတ္ထုများလည်း ရှိလေသည်။

ထိုနှစ်ပါးတို့တွင် အယောနိသောမနသိကာရ= မသင့်မလျော်နှလုံးသွင်းခြင်းသည်သာ ပဓာနဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အနိဋ္ဌာရုံဟူသည် သတ်မှတ်မှု မမြဲသောကြောင့်ဖြစ်သည်။ ဥပမာ- ခွေး သတ္တဝါအတွက် မစင်သည် ဣဋ္ဌာရုံဖြစ်သော်လည်း လူသားအတွက် အနိဋ္ဌာရုံဖြစ်သည်။ မူရင်းအခံဓာတ် ကြိုက်နှစ်သက်မှု၊ မကြိုက်မနှစ်သက်မှုအပေါ်တွင်သာ ဣဋ္ဌာရုံ အနိဋ္ဌာရုံဟု ခွဲခြားနိုင်သည်။ ပကတိအာရုံပေါ်တွင် ခွဲခြား၍မရနိုင်။

## ဒေါမနဿဝေဒနာ

ဒေါသဖြစ်ပေါ်လာသည့်အခါ ဒေါမနဿဝေဒနာ ဖြစ်ပေါ်လာ၏။ ဒေါမနဿဝေဒနာဟူသည် စိတ်မသက်မသာ ခံစားမှုဖြစ်သည်။ ထိုဒေါမနဿဝေဒနာ၏ သဘောကို ပေါ်လွင်ထင်ရှားစေရန် လယ်တီဆရာတော်ဘုရားကြီးက -

"ဒေါမနဿဝေဒနာဆိုသည်ကား- စိတ်ညှိုးနွမ်းမှုတည်း၊ စိတ်ပင်ပန်းမှုတည်း၊ စိတ်နာမှုတည်း၊ စိတ်နှလုံး မသာယာမှုတည်း၊ စိတ်နှလုံး မချမ်းသာမှု

တည်း၊ စိတ်နှလုံးမကြည်သာမှုတည်း၊ စိတ်နှလုံး မကောင်းမှုတည်း၊ စိတ်နှလုံး မအေးချမ်းမှုတည်း၊ စိတ်နှလုံး ပင်ပန်းမှုတည်း၊ စိတ်နှလုံး ဝမ်းနည်းမှုတည်း၊ စိတ်နှလုံး မနှစ်သက်မှုတည်း၊ စိတ်အိုက်ခြင်းတည်း၊ စိတ်ပူပန်ခြင်းတည်း၊ စိတ်ဆွေးခြင်းတည်း၊ စိတ်ပန်းခြင်း၊ စိုးရိမ်ကြောင့်ကြခြင်း၊ ထိတ်လန့်ခြင်း၊ ငိုမဲ့ခြင်း၊ အမျက်ထွက်ခြင်း၊ စိတ်ဆိုးခြင်းအစရှိသော ဒေါသနှင့်စပ်သမျှ စိတ်အမူအရာစုသည် ဒေါမနဿဝေဒနာနှင့် ယှဉ်သည်ချည်းတည်း။ မျက်စိဖြင့် မြင်၍ စိတ်မကြည်သာမှု၊ နားဖြင့်ကြားရ၍ စိတ်မကြည်သာမှု၊ နှာခေါင်းဖြင့် နံ၍ စိတ်မကြည်သာမှု၊ လျှာဖြင့် လျက်၍ စိတ်မကြည်သာမှု၊ ကိုယ်ဖြင့်ထိ၍ စိတ်မကြည်သာမှုအစုသည် ဒေါမနဿဝေဒနာချည်း ဖြစ်ပေသည်"ဟု ဒေါသကြောင့် စိတ်မသက်မသာခံစားရသော ဒေါမနဿဝေဒနာ၏ သဘောကို ဖွင့်ဆို ရှင်းပြထားလေသည်။

## လောဘအခြေခံသော ဒေါသ

စိတ်ဆိုးမှုဒေါသသည် ချစ်ခင်တပ်မက်သော ကြိုက်နှစ်သက်သော အာရုံဝတ္ထုများကို အကြောင်းပြု၍ ဖြစ်တတ်သည်။ စီးပွားရေး၊ အိမ်ထောင်ရေး၊ နိုင်ငံရေး စသော အရေးပေါင်းများစွာတို့၌ လိုချင်တပ်မက်နှစ်သက်မှု လောဘကြောင့် ငြင်းခုံခြင်း၊ စိတ်ဆိုးခြင်း၊ ဆဲရေးကြိမ်းမောင်းခြင်း၊ အပြစ်တင်ခြင်းစသည်ဖြင့် ခိုက်ရန်ဒေါသ ဖြစ်နေကြသည်မှာ နေရာအနှံ့၊ ကမ္ဘာအနှံ့ပင် ဖြစ်သည်။ အမျက်ထွက်ခြင်းဒေါသသည် မကြိုက်မနှစ်သက်ဖွယ် အာရုံကြောင့် အဖြစ်များသော်လည်း လိုချင်တပ်မက်နှစ်သက်ဖွယ်ကို မရခြင်းကြောင့်လည်း ဖြစ်တတ်သည်။ လောဘဖြစ်လာပါက ဒေါသပါလာ၏။ မိမိလိုချင်သည့်အလျောက်၊ ဖြစ်စေချင်သည့်အလျောက် ရနေ၊ ဖြစ်နေသော် ဒေါသမရှိသယောင်ထင်ရ၏။ မရလာသော် မဖြစ်လာသော် သိသိသာသာပင် ဒေါသဖြစ်ပေါ်လာ၏။ လောဘကြီးသူ၌ စင်ကြယ်သော အဒေါသခေါ် မေတ္တာ မရှိနိုင်ပေ။

ဗုဒ္ဓဘာသာဝင်တို့ နေ့ထူးနေ့မြတ်များအဖြစ် နှစ်စဉ်ကျင်းပပြုလုပ်နေကြသော နေ့ထူးရက်မြတ်များတွင် မဟာသမယအခါတော်နေ့ ပါရှိသည်။ ထိုမဟာသမယအခါတော်နေ့ ပေါ်ပေါက်လာပုံသည် လောဘအခြေခံ ဒေါသ ဖြစ်ပေါ်လာ၍ ထိုဒေါသမီးကို ဗုဒ္ဓရှင်တော်မြတ် ငြိမ်းစေရာမှ ပေါ်ပေါက်လာခြင်း ဖြစ်သည်။

ဗုဒ္ဓ၏ ဆွေတော်မျိုးတော် သာကီဝင်မင်းများသည် ကပိလဝတ်ပြည်နှင့် ကောလိယပြည်တို့တွင် နေထိုင်ကြ၏။ ထိုနှစ်ပြည်ထောင်တို့မှ လယ်သမားတို့သည် နှစ်ပြည်အကြားရှိ ရောဟိဏီမြစ်ကို အမှီပြု၍ လယ်လုပ်ကြ၏။ နယုန်လ၌ မိုးကောင်းစွာ မရွာသေးသဖြင့် လယ်သမားတို့ မိမိတို့လယ်ယာ၌ ရေပြည့်စုံရေး၊ အသီးအနှံဖြစ်ထွန်းရေးကို အကြောင်းပြု၍ ရေလုပွဲဖြစ်ပွားရသည်။ လယ်သမားချင်း ဖြစ်ရာမှ နှစ်ပြည်ထောင်မင်းတို့ စစ်ပွဲကြီး ဖြစ်လုနီး ဖြစ်ခဲ့ရသည်။ ထို့ကြောင့် လောဘတရားသည် ဒေါသဖြစ်ပေါ်ရန် အကြောင်းတစ်ပါး၊ အခြေခံအကြောင်း ဖြစ်လေသည်။ ထိုဒေါသမဖြစ်ရန် အကောင်းမြင်ဝါဒအနေဖြင့် မည်ကဲ့သို့ မြင်ကြရမည်နည်း။ "လယ်ယာလုပ်ကိုင်သူတိုင်းသည် ရေလိုသည်။ မိမိလည်း ရေလိုသည်၊ တစ်ပါးသူလည်း ရေလိုသည်။ ရေကား အနည်းငယ်သာ။ မိမိတစ်ဦးတည်း ယူသည်ကိုလည်း တစ်ပါးသူ မလိုလား၊ တစ်ပါးသူ တစ်ဦးတည်း ယူသည်ကိုလည်း မိမိမလိုလား။ ဤသို့ဖြစ်နေသည်ကို ညီတူမျှတူ ဝေ၍ မိမိတို့၏ လယ်ယာသည် မိမိတို့အသီးသီး ရရှိသော ရေဖြင့် မသေသော် ကောင်းပေ၏။ သေခဲ့သော် မတတ်နိုင် မိမိတို့၏ကံတရားအတိုင်းသာ ဖြစ်ပေသည်"ဟု အသီးအသီး ဆင်ခြင်၍ "တစ်ဦးတည်း အပိုင်မစီးဘဲ ဝေငှသုံးစွဲကြပါစို့"ဟု အသင့်အားဖြင့် တွေးတောဆင်ခြင်ခဲ့သော် ထိုရေလုခြင်းဒေါသသည် ဖြစ်ပေါ်မလာတော့ဘဲ နှစ်ဦးနှစ်ဘက် ရန်စဲမည်သာ ဖြစ်ပေသည်။

## သံသယအခြေခံသော ဒေါသ

သံသယစိတ်သည် စဉ်းစားဝေဘန်မှု ပညာနည်းပါးခြင်းကြောင့် ဖြစ်သည်။ သံသယစိတ်ရှိသဖြင့် အရာရာတွင် ပိုင်နိုင်စွာ လုပ်ကိုင်နိုင်ခြင်း မရှိ။ ယင်းသံသယစိတ်ကြောင့် တစ်ဦးအပေါ်တစ်ဦး မုန်းတီးမှု၊ မနာလိုမှုများ ဖြစ်လာတတ်သည်။ ဘုရားရှင်လက်ထက်တော်က ကျောက်သွေးသမား တစ်ဦး၏အိမ်သို့ တိဿမည်သော ရဟန္တာမထေရ်သည် ဆွမ်းခံကြွတော်မူ၏။ တနေ့သောအခါ မထေရ်အိမ်၌ ကြွရောက်နေစဉ် ကောသလမင်းကြီးထံမှ ပို့လာသော ပတ္တမြားကို ကျောက်သွေးသမားသည် အမဲသွေးများပေနေသော လက်ဖြင့်ခံယူ၍ ကြုတ်ကလပ်ပေါ် တင်ထားလိုက်လေ၏။ အိမ်၌မွေးထားသော ကြိုးကြာငှက်သည် မထေရ်၏ ရှေ့မှောက်၌ ပတ္တမြားကို သားတစ်အမှတ်ဖြင့် မျိုချလိုက်၏။ ကျောက်သွေးသမားသည် ပတ္တမြားကို မတွေ့သဖြင့် အိမ်သူအိမ်သားများကို မေး၏။ မယူကြကြောင်းပြောကြ၏။ တဖန် မထေရ်ကို မေးလျှောက်၏။ မထေရ်ကလည်း ကြိုးကြာငှက် မျိုချထားသည်ဟု မပြော၊ မိမိမယူကြောင်းသာ ပြောဆို၏။ မေးမရသဖြင့် ကျောက်သွေးသမားသည် မထေရ်အား ကြိုးတုတ်လျက် ဦးခေါင်းကို တုတ်ဖြင့် ရိုက်၏။ ဦးခေါင်းမှ သွေးများ ထွက်ကျလာသည်ကို ကြိုးကြာငှက်လာသောက်သည့်အခါ ကျောက်သွေး သမားသည် ဒေါသဖြင့် ကြိုးကြာငှက်ကိုပါ ရိုက်သတ် လိုက်လေ၏။ မထေရ်သည် ကြိုးကြာငှက် သေမသေမေးမြန်းပြီး သေသောအခါမှ ငှက်မျိုချ ထားကြောင်း ပြောလေ၏။ ဤအကြောင်းအရာ၌ ကျောက်သွေးသမားသည် သံသယစိတ်ကြောင့် ဒေါသတရားဖြစ်ပွားလျက် မလွန်ကျူးသင့်သည်ကို လွန်ကျူးမိခဲ့ခြင်း ဖြစ်သည်။ အမှန်တကယ်အားဖြင့် ထိုရဟန်းသည် မိမိအိမ်သို့ ဆွမ်းခံကြွရောက်နေသည်မှာ ယခုမှ မဟုတ်၊ နှစ်ပေါင်းများစွာကြာခဲ့ပြီ။ ထိုရဟန်း၏ တရားထူးရနေသည်ကိုလည်း အသိပင်။ ထိုအသိအပေါ် ဆင်ခြင်လျက် "ငါများ အထားမှားခဲ့ပြီးလား၊ ရဟန်းဟူသည်မှာလည်း သူတစ်ပါးပစ္စည်းကို ခိုးယူလေ့မရှိ"ဟု ထိုရဟန်း အပေါ် သံသယကင်းခဲ့သော် ထိုရိုက်နှက်ခြင်းသို့တိုင် ဖြစ်စေသော ဒေါသသည် ဖြစ်ပေါ်လာမည်မဟုတ်။ ရဟန်းနှင့် ကျောက်သွေးသမားတို့ ဆရာ,ဒကာ ဆက်ဆံမှုသည် ပြေလည်အေးချမ်းနေမည်သာ ဖြစ်ပေသည်။ ယခုမျက်မှောက်ခေတ်ကာလတွင်လည်း ခင်မင်,ချစ်ခင်နေသူ နှစ်ဦးနှစ်ယောက်တို့သည် တစ်စုံတစ်ခုသော အကြောင်းကြောင့် တစ်ဦးအပေါ်တစ်ဦး သံသယဖြစ်၍ တစ်ဦးနှင့်တစ်ဦး မေတ္တာပျက်ပြယ်ကာ အမုန်းပွားနေကြသည်များကိုလည်း တွေ့မြင်နေကြရသည်။

## မာနအခြေခံသော ဒေါသ

မာနစိတ်သည် အသိဉာဏ်နည်းပါးခြင်း၊ အတ္တလွန်ကဲခြင်းတို့ကြောင့် ဖြစ်ပေါ်လာ၏။ မာနအရင်းခံရှိသူသည် သူတစ်ပါးကို မထီမဲ့မြင် ပြုလုပ်တတ်၏။ မာနကြီးသူသည် ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာများ ကြမ်းတမ်း၏။ မာနသည် သူတစ်ပါး၏ ဂုဏ်ကျေးဇူးကို မေ့ပျောက်စေ၏။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းသားသည် ဒိသာပါမောက္ခဆရာကြီးထံတွင် ပညာသင်ကြားစဉ် ရေချိုး သွားရာလမ်း၌ အဖွားအိုတစ်ဦး လှမ်းထားသော နှမ်းများကို တစ်ဆုတ်မျှ သုံးကြိမ်တိုင်တိုင် ယူစား၏။ အဖွားအိုသည် ဆရာကြီးအား တိုင်တန်းသောအခါ ဆရာကြီးသည် မင်းသား၏လက်ဝါးအား တုတ်ဖြင့် ရိုက်နှက် ဆုံးမ၏။ မင်းသားသည် "ငါလို မင်းသားကို ရိုက်နှက်ရပါမည်လော"ဟူသော မာနဖြင့် ဆရာ့ဂုဏ်ကို မေ့ပျောက်လျက် ဆရာ့အပေါ်၌ ရန်ငြိုးထား၏။ မင်းဖြစ်သောအခါ သတ်ရန်အတွက် ကြံစီခဲ့လေသည်။ မင်းသား၏ဒေါသ အာဃာတသည် မာနကို အခြေခံ၍ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ထိုကဲ့သို့ မဟုတ်မူဘဲ "ငါ့ဆရာသည် ငါ၏ အကျင့်ဆိုးကို တားမြစ်လို၍ ဆုံးမခြင်းသာ ဖြစ်သည်"ဟု ဆင်ခြင်ခဲ့သော် "ငါလို မင်းသားကို ရိုက်နှက်ရပါမည်လား" ဟူသော မာန်မာန

အခြေခံသော ဒေါသသည် ဖြစ်ပေါ်မလာတော့ဘဲ ဆရာ့အပေါ်၌ ရိုသေမြဲရိုသေလျက် ဆရာတပည့် နှစ်ဦး ဆက်ဆံပေါင်းသင်းရေး ပြေလည်နေမည်သာ ဖြစ်ပေသည်။

## ဣဿာအခြေခံသော ဒေါသ

ဣဿာဟူသည် ငြူစူသည့်သဘော ဖြစ်သည်။ သူတစ်ပါး ကြီးပွားချမ်းသာသည်ကို မနာလိုခြင်း ဖြစ်သည်။ သူတစ်ပါး၏ဂုဏ်ကျေးဇူးများကို ပြောလာသည်ကို ကြားရ၊ ကြီးပွားသည်ကို မြင်ရသောအခါ "ဇီးကွက်လောက်တော့ ငှက်တိုင်းလှသည်" စသည်ဖြင့် မျက်စောင်းထိုးခြင်း၊ ပါးရွဲ့ခြင်းစသည်ဖြင့် ထေ့ငေါ့ ပြောဆိုတတ်သည်။ တစ်ပါးသူ ကြီးပွား ချမ်းသာသည်ကို မနာလိုစိတ်ဖြစ်နေလျှင် စိတ်ဆင်းရဲမှု၊ မခံချင်မှု ဒေါသစသည်တို့ ဖြစ်ပွားလာတတ်သည်။ ဣဿာတရားကြောင့် ဒေါသအမျက် ချောင်းချောင်းထွက်ကာ မြင်မြင်သမျှ ရန်မူတတ်ပုံ၊ ဣဿာတရားဆိုး မိမိသန္တာန်ဝယ်ရှိနေပါက ငရဲ၌ကျခံရပုံစသည်တို့ကို မန်လည်ဆရာတော်ဘုရားကြီးက -

"ဣဿာသဘော၊ ပြန့်ပြောများသူ၊ ခွေးနှင့်တူ၏၊ ခွေးဟူတုံက၊ လှမလှနှင့်၊ ဟီနဥက္ကဋ္ဌ၊ ယုတ်မြတ်လူရှင်၊ ပျိုအိုသွင်လည်း၊ မြင်မြင်သမျှ၊ သွားကိုပြ၍၊ ဒေါသမျက်သူ၊ ဟိန်းငြူစူ၏၊ ခွေးတူနှလုံး၊ မသုံးစရိုက်၊ ထိုသူမိုက်တို့၊ ထိုသမျှကံ၊ ကိုယ်လုပ်ကြံတိုင်း၊ မခံမနေ၊ မရေချေတည်း၊ သေလျှင်ငရဲ၊ မလွဲရှေးရှု၊ ဆွဲယူချလိမ့်" ဟု ဆုံးမထားလေသည်။

ထိုသို့သော ဣဿာသဘောကို မဝင်စေမူ၍ "သူ၏ ကံ, ဉာဏ်, ဝီရိယကြောင့် ကြီးပွားနေခြင်းသာ၊ ငါလည်း သူကဲ့သို့ ဖြစ်စေအောင် ကြိုးစားမည်"ဟု အကောင်းမြင် ဆင်ခြင်ခဲ့သော် ဒေါသအမျက် ချောင်းချောင်းမထွက်တော့ဘဲ အေးချမ်းနေမည်သာဖြစ်သည်။

## မစ္ဆရိယအခြေခံသော ဒေါသ

မစ္ဆရိယဟူသည် မိမိကြီးပွားချမ်းသာသည်ကို သူတစ်ပါးတို့အား မသုံးစွဲစေလိုခြင်း၊ မမြင်စေလိုခြင်း၊ ဝန်တိုခြင်းသဘော ဖြစ်သည်။ မစ္ဆရိယကြောင့် အခြားသူများအား ပျက်စီးစေလိုမှု ဒေါသတရား ဖြစ်ပွားတတ်သည်။ မြန်မာနိုင်ငံ၌ အချို့သောအရပ်ဒေသတို့တွင် လယ်ယာလုပ်ငန်းများပြီးစီးသည့်အခါ ပုန်းမကြီ ပူဇော်သောအလေ့ရှိကြ၏။ ထိုပုန်းမကြီဟူသည် ကာဠယက္ခိနီ ခေါ်သော သောတာပန်ဘီလူးမတည်း။ ထိုကာဠယက္ခိနီ ဘီလူးမအကြောင်းကို ကြားဖူး ကြပါလိမ့်မည်။ ထိုဝတ္ထုကြောင်း၌ အမျိုးသားတစ်ဦး၏ ဇနီးသည်သည် သားသမီး မဖွား၊ မိန်းမမြုံ ဖြစ်၏။ ထိုအခါ အမွေဆက်ခံ သားသမီးရလိုသောအမျိုးသားသည် ဇနီးတစ်ဦး နောက်ထပ်ယူခဲ့သည်။ ထိုနောက်ထပ်ယူသော ဇနီးသည်ကား ကိုယ်ဝန်ရရှိခဲ့သည်။ ထိုအခါ ပဌမဇနီးသည်က "ထိုသားသမီးမွေးလာခဲ့သော် မိမိသည် ဤအိမ်၌ အရာမဝင်၊ အခွင့်ထူးခံ မဖြစ်နိုင်တော့၊ သားသမီး မရမှသာ အခွင့်အရေး တန်းတူပေးခံရမည်" ဟု ကြံစည်၍ သားသမီးမရအောင် ဆောင်ရွက်၏။ ထိုအခါ ကိုယ်ဝန်ရှိသော အမျိုးသမီးက မိန်းမမြုံမ၏ လက်ချက်ကြောင့် ကိုယ်ဝန်ပျက်ကျ သေဆုံးခြင်းသို့ ရောက်လုနီးနီးသေခါနီးအခါတွင် "မိမိဤကဲ့သို့ ဖြစ်ရခြင်းသည် မိန်းမမြုံမကြောင့်"ဟု သိရှိကာ နောက်နောင်ဘဝတွင် လက်စားချေနိုင်သောသူအဖြစ်ကို ဆုတောင်းခဲ့သည်။ ဤသို့ဖြင့် ထိုအမျိုးသမီးနှစ်ဦးတို့ သူတစ်ပြန်ကိုယ်တစ်လှည့် ဖျက်ဆီးခဲ့ ဖျက်ဆီးခံခဲ့ရ၊ အချင်းချင်း ရန်ငြိုးပွားခဲ့ရသည်။ ထိုဝတ္ထုကြောင်းနှင့် ဆက်စပ်ပြီး "သမင်မွေးရင်း ကျားစားရင်း"ဟူသော မြန်မာစကားပုံပင် ရှိခဲ့လေသည်။ ၎င်းဝတ္ထုကြောင်း၌ မစ္ဆရိယအခြေခံ၍ ဒေါသတရားဖြစ်ပွားကာ ရန်ငြိုးဆက်ခဲ့ရခြင်း ဖြစ်သည်။ ဤသို့မစ္ဆရိယသဘောမဝင်ဘဲ ပဌမဇနီးသည်သည် "ငါကား သားသမီးမရ၊ သူကားရရှိသည်။ ထို့ကြောင့် သူသည် အခွင့်ထူး ရရှိသင့်သည်။ ငါကား

မရ၊ ထို့ကြောင့် အခွင့်ထူးမရသည်မှာ ငါ၏ လိုအပ်ချက်သာ ဖြစ်ပေသည်”ဟု ဆင်ခြင်ခဲ့သော် ထိုရန်ငြိုး ဒေါသတရားများ မဖြစ်ပေါ်ဘဲ နှစ်ဦးနှစ်ဝ ချမ်းသာကြမည်သာ ဖြစ်ပေသည်။

## ငြိမ်းချမ်းရေး

ငြိမ်းချမ်းရေးဟူသည် အေးအေးချမ်းချမ်း သက်သက်သာသာ ပူပင်သောကဗျာပါရများ ကင်းဝေးလျက် နေထိုင်ရေး ဖြစ်သည်။ ထိုငြိမ်းချမ်းရေးသည် ကိုယ်၏ငြိမ်းချမ်းရေး၊ စိတ်၏ငြိမ်းချမ်းရေး၊ ကိုယ်စိတ်နှစ်ပါး၏ ငြိမ်းချမ်းရေးဟု အမျိုးမျိုးရှိသည်။ ငြိမ်းချမ်းရေးကို သတ္တဝါတိုင်း လိုလားနှစ်သက်ကြသည်။ တောင့်တကြသည်။ ငြိမ်းချမ်းရေးကို မလိုလား မတောင့်တသောသူ မရှိ။ သူတစ်ပါးတို့၏ ပျက်စီးရာပျက်စီးကြောင်းကို ကြံစီလုပ်ဆောင်နေသောသူပင် ဖြစ်လင့်ကစား ငြိမ်းချမ်းရေးကို လိုလားသည်။ ထိုငြိမ်းချမ်းရေးသည် နိုင်ငံရေးနှင့်ပတ်သက်သော ငြိမ်းချမ်းရေး၊ စီးပွားရေး၊ လူမှုရေးတို့နှင့်ပတ်သက်သော ငြိမ်းချမ်းရေး စသောအားဖြင့် အရေးပေါင်းများစွာ ရှိနေသည်။ ထိုအရေးပေါင်းများစွာတို့တွင် ငြိမ်းချမ်းရေးရရှိရန်၊ ဖြစ်ပွားရန် အခြေခံမှာ အကောင်းမြင်ဝါဒမှ စတင်ပေသည်။

## အကောင်းမြင်ဝါဒနှင့် ငြိမ်းချမ်းရေး

ငြိမ်းချမ်းရေးသည် အကောင်းမြင်ဝါဒနှင့် ဆက်စပ်လျက်ရှိ၏။ အကောင်းမြင်ဝါဒရှိခဲ့သော် သတ္တဝါအားလုံး တစ်ဦးအပေါ်တစ်ဦး မေတ္တာဖြင့် ဆက်ဆံလျက် အေးချမ်းနေပေလိမ့်မည်။ အကောင်းမြင်ဟူသည် အမြင်ကောင်းခြင်း ဖြစ်သည်။ အမြင်ကောင်းခြင်းသည် အဆင်ခြင်ကောင်းခြင်းကြောင့် ဖြစ်သည်။ အဆင်ခြင်ကောင်းခြင်းဟူသည် ပါဠိဘာသာအားဖြင့် ယောနိသောမနသိကာရ ဖြစ်သည်။ ယောနိသောမနသိကာရသည် အယောနိသောမနသိကာရ၏ဆန့်ကျင်ဘက် ဖြစ်သည်။ အယောနိသောမနသိကာရ=မသင့်မလျော်၊ မသင့်မတင့် နှလုံးသွင်းခြင်းသည် ဒေါသ ဖြစ်ပေါ်ရန် အခြေခံအကြောင်း ဖြစ်သဖြင့် ဒေါသ၏ဆန့်ကျင်ဘက် အဒေါသခေါ် မေတ္တာစိတ်ဖြစ်ရန် ယောနိသောမနသိကာရ = သင့်လျော်သော အတွေးအမြင် ဖြစ်ဘို့ရန် လိုအပ်ပေသည်။

သင့်လျော်သောအတွေးအမြင်၊ အမြင်ကောင်းခြင်း၊ အကောင်းမြင်ဝါဒဖြစ်စေရန် ကုန်းဘောင်မင်းဆက် ရတနာပုံခေတ် မင်းတုန်းမင်း လက်ထက်တော်က မတ္တရာဆရာတော်ဘုရားကြီး ပြုမူပုံကို လေ့လာအတုယူ ပြုကျင့်ကြရပေမည်။

မတ္တရာဆရာတော်သည် မေတ္တာရှင်ဖြစ်သည်။ မေတ္တာသုတ်တော်တွင် ပါဝင်သော ရောင့်ရဲလွယ်ခြင်းဟူသော သန္တုဋ္ဌိဂုဏ်၊ မွေးမြူပြုစုလုပ်ကျွေးလွယ်ကူခြင်းဟူသော သုဘရဂုဏ်တို့နှင့် ပြည့်စုံသည်။ ဆရာတော်၏ အကြောင်းကို ကြားသိရသော မင်းတုန်းမင်းသည် ဟုတ်, မဟုတ် ကိုယ်တိုင်သိလို၍ မင်းချင်းတို့အား စုံစမ်းခိုင်း၏။ မင်းချင်းတို့သည် ကပ္ပိယလုပ်လျက် ဆရာတော်၏ စိတ်ဓာတ်ကို အမျိုးမျိုးအဖုံဖုံ စမ်းသပ်၏။ ဆွမ်းချက်ကပ်ရာတွင် ပျော့အောင်ချက်၍ “ဆရာတော် ဒီနေ့ ရေများသွားသဖြင့် ဆွမ်းပျော့သွားပါသည် ဘုရား” ဟုလျှောက်၏။ ထိုအခါ ဆရာတော်က “အင်း. . ဝါးရ သက်သာသည်၊ အစာကြေလွယ်သည်”ဟု မိန့်၏။ တဖန်နောက်ရက်၌ မာမာကြီးချက်၍ “ဆရာတော် ဒီနေ့ ရေနည်းသွားပါသည် ဘုရား”ဟု လျှောက်သော် “အင်း. . မာမာဝါး ဘုဉ်းပေးရတာ အရသာပေါ်သည်၊ အဆာခံသည်” ဟု မိန့်ပြန်၏။ ဆွမ်းဟင်းကိုလည်း ဆားမထည့်ဘဲကပ်ရာ “ရေငတ်ပြေသည်” ဟုဝင်း၊ ဆားများများခတ်၍ “ဆား လက်လွန်သွားပါသည် ဘုရား” လျှောက်သော် “အင်း. . သွေးလေကြေသည်”ဟုဝင်း မိန့်တော်မူ၏။ နန်းတော်သို့ ပင့်သောအခါ “အင်း. မင်းတရားပင့်သည်ကို ငြင်းဖွယ်မရှိ”ဟု မိန့်၏။ လမ်းတစ်ဝက်မှာပင် ကျောင်းပြန်ရန်စာကို ဆက်ကပ်ရာ “ အင်း. . ကောင်းပေတယ်၊ ငါ့မှာလည်း ခွေးနို့စို့သလို ပညာသင်ကြားနေသည့် တပည့်များရှိသည်၊ သူတို့

ဝမ်းသာကြမည်”ဟု မိန့်၏။ နန်းဦးကျောင်း ဆောက်လုပ်ပြီးနောက် သီတင်းသုံးစေ၏။ ရက်လအတန်ကြာသော် ထန်းရွက်မိုးယာယီကျောင်းကလေး၌ သီတင်းသုံးစေသော် “ တက်ရဆင်းရ သက်သာသည်၊ လူအိုတော့ သတိထားရတယ်” ဟု မိန့်၏။ တစ်ပတ်ခန့်အကြာ ကျောင်းကြီးပေါ်၌ သီတင်းသုံးစေရာ “အင်း. . ကျောင်းကြီးတော့ လေလုံမိုးလုံ ကောင်းတာပ”ဟု မိန့်တော်မူ၏။

မဟာ့ဂန္ဓာရာဆရာတော်ဘုရားကြီးသည် သာမန်ပုဂ္ဂိုလ်တို့ ဆွမ်းပျော့ခြင်း, မာခြင်း၊ ဆွမ်းဟင်း ဆားပေါ့ခြင်း, လေးခြင်းစသော သီးမခံနိုင်သော မနှစ်သက်ဖွယ် အနိဋ္ဌာရုံတို့ကို တွေ့ကြုံစေကာမူ ကောင်းကွက်ကိုသာ ကြည့်ရှုခြင်း၊ အသင့်အားဖြင့် နှလုံးသွင်းခြင်းကြောင့် အဇ္ဈတ္တသန္တာန်ဝယ် စိတ်ဆိုးခြင်း၊ စိတ်တိုခြင်း၊ အပြစ်ပြောခြင်းစသော ဒေါသများ ဖြစ်ပွားခြင်း မရှိခဲ့ပေ။

ထို့ကြောင့် ပုဂ္ဂိုလ်သတ္တဝါအားလုံးတို့သည် တစ်ဦးနှင့်တစ်ဦး ပြေလည်ငြိမ်းချမ်းစေရန် မြင်ခြင်း၊ ကြားခြင်းစသော အာရုံတို့ကို အကောင်းမြင်ဝါဒ လက်ကိုင်ထားပြီး ကျင့်သုံးကြရပေမည်။ အကောင်းမြင်ဝါဒဖြင့် ကြည့်၍ အကောင်းမြင်ဝါဒဖြင့် ပြောရမည်။ အကောင်းမြင်ဝါဒဖြင့် နားထောင်ရပေမည်။ အကောင်းမြင်ဝါဒ ကိုယ်စီရှိကြသော် တစ်ဦးနှင့် တစ်ဦး မေတ္တာဓာတ်များ လွှမ်းခြုံနေပေလိမ့်မည်။ လူတစ်စုမှသည် တစ်ရပ်ကွက်၊ တစ်မြို့နယ်၊ တစ်နိုင်ငံ၊ တစ်ကမ္ဘာလုံး မေတ္တာဓာတ်များ ပြည့်ဝလျက် အပူဓာတ် ကင်းစင်ကာ တစ်လောကလုံး အေးချမ်းနေပေလိမ့်မည်။ လောကကြီး တစ်ခုလုံး ငြိမ်းချမ်းစေရန် အကောင်းမြင်ဝါဒ ကိုယ်စီကျင့်သုံးကြပါစို့ဟု တိုက်တွန်းနိုးဆော်လိုက်ရပါပေသည်။

အကောင်းမြင်ဝါဒ ကျင့်သုံးနိုင်ကြပါစေ။

အရှင်ကေလာသ (မစိုးရိမ်)

**အချိန်ရှိခိုက်လုံ့လစိုက်**

အရွယ်ရှိခိုက်

သူတော်ကောင်းအကျင့်ကိုလည်း မကျင့်၊

ဥစ္စာပစ္စည်းကိုလည်း

ရအောင် အားမထုတ်သော

သူမိုက်တို့သည် (အရွယ်လွန်သောအခါမှ)

လေးမှလွှတ်လိုက်ပြီးသည့်နောက်

အရှိန်အဟုန်ကုန်သော မြားတို့ကဲ့သို့

အားမရှိဘဲ ရှေးဖြစ်ဟောင်းတို့ကိုသာ

ညည်းတွားအောက်မေ့ကာ

နေကြရလေကုန်၏။

(ဓမ္မပဒ)

**Do Before Time-out**

Those who in youth

have not led the holy life,

or have failed to acquire wealth,

lie sighing over the past,

like worn-out arrows shot from a bow.

## သက်မွေးလွယ်လည်းအပါယ်ဘဲ

ကျီးရဲနှင့်တူစွာ အရှက်မရှိ၊
သူတစ်ပါး၏ ဂုဏ်ကိုလည်း
ဖျက်ဆီးသောသူ၊
သူတစ်ပါးပြုသောအမှုကို
မိမိ ပြုယောင်ပြုသောသူ၊
ကြမ်းတမ်းသော သဘောလည်းရှိ၍
ယုတ်မာညစ်ညမ်းသောအမှုဖြင့်
အသက်မွေးသောသူမှာ
အသက်မွေး နေထိုင်ရန် လွယ်ကူ၏။
(ဓမ္မပဒ၊ ၂၄၄)

### Easy But Lead To Hell

Easy is life for the shameless
one who is as impudend as a crow,
is backbiting and forward,
arrogant and corrupt.

## ခက်ခဲသော်လည်းနတ်ရွာမြဲ

အရှက်လည်းရှိ၊ အမြဲစင်ကြယ်သော
သဘောကိုသာ ရှာကြံလေ့လည်းရှိ၊
တွန့်တိုခြင်းသဘော၊
ကြမ်းတမ်းသောသဘောလည်းမရှိ၊
စင်ကြယ်သောအမှုဖြင့် အသက်မွေး၍
သင့် မသင့်ကို ရှုမြင်တတ်သောသူမှာ
အသက်မွေး နေထိုင်ရန် ခဲယဉ်း၏။
(ဓမ္မပဒ၊ ၂၄၅)

### Difficult But Live In Heaven

Difficult is life the modest one
who always seeks purity,
is detached and unassuring,
clean in life,
and discerning.

# ကောင်းမှုနှင့်တောင်းဆု

မောင်ပညာ (မန်းတက္ကသိုလ်)

လောကလူသားမှန်သမျှ ဆုတောင်းကြသည်။ အမှန်တကယ်တော့ ဆုတောင်းခြင်းသည် မိမိ၏ဆန္ဒကို ထုတ်ဖော်ခြင်း၊ တိုင်တည်ခြင်း ဖြစ်၏။ တစ်ခါတစ်ရံ မိမိဖြစ်ချင်သည့် ဆန္ဒကို ပြည့်ဝဖို့ တောင့်တမိ၏။ ဖြစ်ချင်သည့်ဆန္ဒ၊ လိုချင်သည့်အရာတို့ကို ရဖို့ဆိုသည် မှာလည်း ဖြစ်ချင်လိုချင်တိုင်း မရနိုင်။ လောကစကားနှင့် ဆိုရလျှင် တစ်ခုပေးမှ တစ်ခုရနိုင်မည် ဖြစ်သည်။ ဒါက လောကစကား။ ပစ္စည်းဝတ္ထုကို မူတည်ပြီး တွက်ချက်သည့်ပုံစံ။ ဤပုံစံနှင့် ကြည့်ပြန်လျှင်လည်း မိမိလိုချင်သည့် ဆုကိုရဖို့ ကောင်းမှုတစ်ခုခုကို ပြုလုပ်ရမည်မှာ အမှန်ပင် ဖြစ်သည်။

## စိတ်ဓာတ်ဖြူလျှင်၊ သူတော်စင်၊ ယုတ်လျှင် သူယုတ်မာ

သို့သော် စိတ်ပိုင်းဆိုင်ရာနှင့် တွေးကြည့်ပြန်လျှင် ပစ္စည်းဝတ္ထုက ပဓာနမကျ၊ စိတ်စေတနာ ဖြူစင်ဖို့ ယုံကြည်မှုများ ပြည့်ဝဖို့က ပိုမို အရေးကြီးလာပြန်သည်။ လောကကြီးကိုသာမက ဘဝသံသရာကြီးကိုပါ စိတ်ကသာ ဦးဆောင်လွှမ်းမိုး အုပ်စိုးထားသည်ပင်။ လူသားတို့သည် စိတ်ကြောင့် အရာရာ တိုးတက်ဖွံ့ဖြိုးစည်ပင်ခဲ့ကြသလို စိတ်ကြောင့်ပင်လျှင် အရာရာ ဆုတ်ယုတ်နှောင့်နှေး ပျက်စီးခဲ့ကြရပြန်၏။ ထို့ကြောင့် "စိတ်ဓာတ်ဖြူလျှင်၊ သူတော်စင်၊ ယုတ်လျှင် သူယုတ်မာ"ဟု စိတ်ဓာတ်နှင့် လုပ်ရပ်ကို ဦးစားပေးကာ ဆိုစမှတ်ပြုခဲ့ကြ၏။

## မြန်မာစကားပုံ

မြတ်ဗုဒ္ဓကလည်း "မနော ပုဗ္ဗင်္ဂမာ ဓမ္မာ" အရာရာကို စိတ်က ဦးဆောင်လွှမ်းမိုးသည်ဟု အတိအကျ ဟောတော်မူထားပြီးဖြစ်၏။ မိမိ ဘာကောင်းမှုကို ပြုလုပ်သည်ဆိုတာထက် ဘယ်စေတနာမျိုးနှင့် ပြုလုပ်လိုက်သည်ဆိုတာက ပို၍ အရေးကြီး၏။ ကောင်းမှုက ငယ်သော်လည်း စေတနာကကြီးလျှင် အကျိုးပေးများ၏။ ကောင်းမှုကကြီးသော်လည်း စေတနာက ငယ်နေလျှင် အကျိုးပေးနည်းပေလိမ့်မည်။ "ညောင်စေ့လောက် လှူသော်လည်း ညောင်ပင်ကြီးလောက် ရ၍၊ ညောင်ပင်ကြီးလောက် လှူသော်လည်း ညောင်စေ့လောက်သာ ရ၏"ဟု မြန်မာဆိုရိုးစကား၌ စေတနာ ပဓာနဖြစ်ပုံကို အသိအမှတ်ပြုထား၏။

## အရိပ်သဖွယ်

ဘဝ,ဘဝတိုင်းတွင် ပေးကမ်းလှူဒါန်းမှုသည် အရေးအကြီးဆုံး ဖြစ်၏။ လူသားမှန်သမျှ ကူညီနားလည်မှု၊ ဖေးမစာနာမှုတို့ဖြင့် ပေးကမ်းလှူဒါန်းသင့်၏။ လူသား မှန်သမျှ ဖြစ်၏။ ဘာသာရေးခေါင်းဆောင်၊ တရားကျင့်ကြံကြသည့် မည်သည့်ပုဂ္ဂိုလ်မဆို မိမိတို့ စွမ်းနိုင်သည့်ဖက်က စွန့်လွှတ်လှူဒါန်းမှု ပြုလုပ်သင့်ကြောင်း မြတ်ဗုဒ္ဓ၏ ပါရမီဖြည့်ကျင့်စဉ်ကာလ အကိတ္တိရသေ့ဘဝတွင် အတုယူ လိုက်နာစရာအဖြစ် တွေ့ရှိနိုင်သည်။ အထူးသတိထားသင့်သည်မှာ အလှူဒါန (သို့မဟုတ်) ကောင်းမှုတစ်ခုခု၏ နောက်တွင် တောင်းဆု မဖြစ်မနေ အရိပ်သဖွယ် ကပ်လျှက်ရှိနေသည်ကိုတော့ သတိပြုသင့်၏။

## ပွားများမိကြ သံဝေဂ

ဘုရားအလောင်း အကိတ္တိပုဏ္ဏား ဘဝဖြစ်စဉ်သမိုင်းမှာ လောကလူသားတို့အတွက် အတုယူစံထားစရာ၊ လိုက်နာကျင့်သုံးစရာ အမှန်ဖြစ်၏။ အကိတ္တိပုဏ္ဏားတွင် ညီမတစ်ယောက်ရှိ၏။ သူတို့သည် အရမ်းချမ်းသာ၏။ သူတို့မောင်နှမ အရွယ်ရောက်စဉ်မှာ မိဘနှစ်ပါး ကွယ်လွန်တိမ်းပါးသွားခဲ့၏။ မိဘများ ထားရစ်ခဲ့သော ပစ္စည်းများကိုကြည့်ပြီး အကိတ္တိတို့မောင်နှမ သတိသံဝေဂ များစွာပွားမိကြ၏။ (အ,ကိတ်တိ-ဟုဖတ်)

မိဘတွေရှာထားခဲ့တဲ့ ပစ္စည်း၊ မိဘတွေ ကွယ်လွန်တဲ့အခါ သူတို့သွားရာကို ယူဆောင်မသွားနိုင်သည်ကို မောင်နှမနှစ်ယောက် သတိပြုမိကြ၏။ မိဘတွေ၏ ပစ္စည်းဥစ္စာအမွေများကို ညီမလေးကို ဦးစားပေးပြီး အကိုဖြစ်သူ အကိတ္တိက စီမံခန့်ခွဲခိုင်း၏။ ညီမလေး အလိုရှိသလိုသာ စီမံခန့်ခွဲ သုံးဆောင်ပါဟု ပစ္စည်းဥစ္စာတွေကို အကုန်အစင် လွှဲပေးလိုက်၏။ "ဒီပစ္စည်းဥစ္စာတွေကို ရှာဖွေစုဆောင်းခဲ့ကြသော အဖိုးတွေအဖွားတွေ မိဘတွေလည်း သူတို့ကွယ်လွန်သွားရာသို့ ဒီပစ္စည်းဥစ္စာတွေကို ယူမသွားနိုင်ကြသလို အကိုလည်း အချိန်တန်လို့ ကွယ်လွန်သွားရင် ဘာမှ ယူသွားနိုင်မှာမဟုတ်လို့ အကိုကတော့ ဒီပစ္စည်းဥစ္စာတွေကို တွယ်တာမက်မော နှောင်ဖွဲ့မှု မရှိဘဲနဲ့ ရသေ့ရဟန်းပြုချင်ပါတယ်"လို့ ညီမလေးဆီမှာ ခွင့်တောင်းပြီး သူ့ရည်ရွယ်ချက်ကို ညီမလေးအား တစ်ခါတည်း အသိပေးလိုက်၏။

ဒီစကားကို ညီမလေး ယဝသတီလေးကြားပြန်တော့ စိတ်မကောင်းဖြစ်မိလို့ တွင်တွင်ငြင်းရှာ၏။ "အကိုက မလိုချင်ဘဲ တံတွေးပေါက်ကဲ့သို့ စွန့်လွှတ်လိုက်တဲ့ ဒီပစ္စည်းတွေကို ညီမလေးက ဦးခေါင်းနဲ့ ခံယူရမှာလား၊ အကို့လိုပဲ ညီမလေးလည်း ရသေ့မရဟန်းမဝတ်ပြီး တရားအားထုတ်မယ်"လို့ အကိုအကိတ္တိကို ပြန်ပြောလိုက်၏။ ဒီလိုနဲ့ သူတို့မောင်နှမနှစ်ယောက် မိဘတွေထားရှိခဲ့တဲ့ ဒီပစ္စည်းတွေကို အကုန်လုံး စွန့်လွှတ်လှူဒါန်းပြီးတော့ ရသေ့ဝတ်ကာ တောထဲမှာ တရားဓမ္မကျင့်ကြံဖို့ ထွက်ခွါလာခဲ့ကြ၏။

## သိကြားမင်း ထိုင်ခုံပူ

အကိတ္တိရသေ့ဟာ နောက်ဆုံးမှာ ညီမလေးနဲ့ လမ်းခွဲပြီး တရားဓမ္မများကို နေ့စဉ်မပျက် တစ်ကိုယ်တည်း အားထုတ်ခဲ့၏။ သစ်သီးရှိရင် သစ်သီး၊ သစ်သီးမရှိရင် သစ်ရွက်၊ သစ်ရွက်မရှိရင် သစ်ခေါက်၊ ဒါတွေကိုပဲ ခြိုးခြံချွေတာစွာ သုံးဆောင်ရင်းနဲ့ တရားအားထုတ်လို့ အကိတ္တိရသေ့ရဲ့ အကျင့်တရားတွေကြောင့် နတ်ပြည်က သိကြားမင်းထိုင်ခုံ ပူပြီး တင်းလာတော့၏။ သိကြားမင်းလည်း စိုးရိမ်စိတ်နဲ့ လူ့ပြည်ကိုကြည့်မိတော့ အကိတ္တိရသေ့ကို တွေ့၏။ အကိတ္တိရသေ့ရဲ့ သဒ္ဓါတရားကို စုံစမ်းချင်တော့ ရသေ့လေးရှိရာ တောထဲသို့ ပုဏ္ဏားယောင်ဆောင်ပြီး အလှူခံဖို့ ထွက်လာခဲ့၏။

## သဗ္ဗညုဉာဏ် ရဖို့ရန်

အကိတ္တိရသေ့ရဲ့ ကျောင်းသခ်မ်းဝမှာ သိကြားမင်းက ပုဏ္ဏားယောင်ဆောင်ပြီး အလှူခံဖို့ ရပ်စောင့်နေ၏။ ရသေ့လေးဟာ ပုဏ္ဏားကို တွေ့တယ်ဆိုရင်ပဲ သူစားဖို့ ပြုလုပ်ထားတဲ့ ဆီမပါ ဆားမရှိ ပကတိအတိုင်း ပြုလုပ်ထားတဲ့ ကဇ္ဇည်းရွက်ပြုတ်အိုးကို တုန်လှုပ်တဲ့စိတ်၊ တွန့်တိုတဲ့စိတ် လုံးဝမရှိဘဲ သိကြားမင်းကို အကုန်လုံး လှူဒါန်းလိုက်၏။ အဲဒီလို လှူဒါန်းပြီးနောက် သူစားဖို့ ထပ်မပြုတ်တော့။ လှူလိုက်ရတဲ့ ကြည်နူးမှုလေးတွေနဲ့ တစ်နေကုန် တရားအားထုတ်နေတော့၏။

ပါဠိတော်မှာတော့ "အကမ္ပိတော အနောလီနော"ဟု ဆိုထား၏။ မြန်မာလိုပြောရင်တော့ ဒီပစ္စည်းကို လှူဒါန်းရဲတဲ့စိတ်၊ အဲဒီလို လှူဒါန်းခြင်းကြောင့် ကုန်သွားမှာပဲဆိုတဲ့ တွန့်တိုဆုတ်နစ်တဲ့စိတ်၊ အဲဒီလိုစိတ်တွေ မရှိဘဲနဲ့ လှူလိုက်တာ။ ဂုဏ်ကို မက်လို့၊ စည်းစိမ်ချမ်းသာတွေကို လိုချင်လို့၊ ဆွေမျိုးမကင်းလို့၊ အားနာလို့၊ ခင်မင်ရင်းနှီးချင်လို့၊ သူ့ဆီက တဖန် ပြန်ရချင်လို့၊ အခြွေအရံ အကျော်အစောတွေ ရချင်လို့၊ ဒီလိုစိတ်တွေနဲ့ လှူဒါန်းခဲ့တာ မဟုတ်ဘူး။ သတ္တဝါတွေကို မှန်ကန်တဲ့အသိ၊ မှန်ကန်တဲ့ အတွေးအခေါ်၊ မှန်ကန်တဲ့ လေ့လာအားထုတ်မှုတွေ ရှိစေချင်တယ်။ ဆင်းရဲမှုအပေါင်းကနေ ထွက်မြောက်စေချင်တယ်။ အဲဒီလို စေတနာတွေရှိပေမဲ့ သဗ္ဗညုတဉာဏ် မရှိလေတော့ သူတို့ကို လမ်းကြောင်းမှန်ပေါ်ရောက်အောင် တရားမဟောနိုင်ဘူး။ အသိဉာဏ်တွေ မပေးနိုင်ဘူး။ အဲဒါကြောင့် သဗ္ဗညုတဉာဏ်ပညာ ရချင်တဲ့စိတ်ကို ဦးတည်ပြီး လှူဒါန်းလိုက်၏။

## ဆုပေးချင်လို့ပါ

အဲဒီလို ကောင်းမှုတစ်ခုကို အရင်းတည်ပြီး တောင်းဆုတစ်ခု ခြွေလိုက်တော့ သိကြားမင်း အရမ်း ဝမ်းသာသွား၏။ သူဝမ်းသာတဲ့ အကြောင်းရင်းနောက် တစ်ခုက သူ့ရာထူးကို လိုချင်တဲ့အတွက် တရားကျင့် နေတာ မဟုတ်ဘူးဆိုတာ သူ ကောင်းကောင်းသိလို့ လည်း ဖြစ်လိမ့်မည်ထင်ပါ၏။ အဲဒါနဲ့ သိကြားမင်းက သူ သိကြားမင်း ဖြစ်တဲ့အကြောင်း ကိုယ်ထင်ပြပြီး ဆုတွေပေးချင်လို့ ဆုတောင်းပါအုံးလို့ ပြောတော့ "သိကြားမင်း. . သင်တကယ်လို့ ဆုပေးချင်တယ်ဆိုရင် ကဗျည်းရွက်ပြုတ်ကို လှူဒါန်းရတဲ့ ကောင်းမှုကို အကြောင်းပြုပြီး တောင်းဆုတွေ ခြွေမယ်ဆိုရင်. .

## လောဘစိတ် မဖြစ်ပါရစေနဲ့

လောဘဆိုတာ သံယောဇဉ်၊ သံယောဇဉ်ကို အကြောင်းပြုပြီး သားသမီး၊ ဇနီးမယားတွေအတွက် ဘယ်လောက်ပဲ ရရ၊ ဘယ်လောက်ပဲ ရှိရှိ တင်းတိမ်မှု ရောင့်ရဲမှုဆိုတာ ဘယ်တော့မှ မရှိကြဘူး။ ရလေလိုလေ အမြဲတမ်း ဖြစ်နေကြတယ်။ အဲဒီလို တင်းတိမ်ရောင့်ရဲမှု မရှိတဲ့ လောဘမျိုး ဘယ်တော့မှ မရှိပါရစေနဲ့၊ မဖြစ်ပါ ရစေနဲ့။

## ဒေါသစိတ် မဖြစ်ပါရစေနဲ့

အဲဒီလောဘနဲ့ ရှာဖွေထားတဲ့ ပစ္စည်းဥစ္စာတွေ ပျက်စီးရမှာကိုစိုးရိမ်မှု၊ ပျက်စီးဆုံးရှုံးသွားတော့ ပူလောင် ခံစားရမှု၊ သံယောဇဉ်ကို အကြောင်းပြုပြီး ရရှိလာတဲ့ သားသမီး၊ ဇနီးတွေနဲ့ အသက်ရှင်လျက် ကွေကွင်းရမှု၊ ဆုံးရှုံးတိမ်းပါးသွားသည့်အတွက် ပူဆွေးသောက ရောက်မှု၊ မိမိနှင့်ဆက်စပ်ပတ်သက်နေသည့် လယ်ယာ ရွှေငွေ၊ ပစ္စည်းဥစ္စာမှန်သမျှ ဆုံးရှုံးပျက်စီးရခြင်းကြောင့် ဖြစ်ပေါ်လာသော ဒေါသစိတ်တို့ မိမိထံပါးမှာ ဘယ်တော့မှ မဖြစ်ပါရစေနဲ့၊ မရှိပါရစေနဲ့။

## အသိဉာဏ်မဲ့သူ မဖြစ်ပါရစေနဲ့

ကိုယ်ကျိုးစီးပွားအတွက်သာ ကြည့်ပြီး မကောင်းတဲ့ နည်းလမ်းတွေ၊ အကြံဉာဏ်တွေကိုသာ ပေးတတ်တဲ့သူ၊ မလုပ်သင့် မလုပ်ထိုက်တဲ့ ကိစ္စမျိုး၊ ဘေးအန္တရာယ် ဖြစ်စေနိုင်တဲ့ ကိစ္စရပ်မျိုး၊ မကောင်းတဲ့ ကိစ္စရပ်မျိုးတွေမှာ ပြုလုပ်ဖို့ တိုက်တွန်းအားပေးတတ်သူ၊ မကောင်းမှုမှန်သမျှကို အထွတ်အမြတ်ထားတတ်သူ၊ မှန်ကန်ကောင်းမွန်တဲ့ စကားကို အကျိုးအကြောင်း အဆိုးအကောင်း ပြောပြသော်လည်း စိတ်ဆိုးတတ်တဲ့ သူ၊ နည်းမှန်လမ်းမှန်ကို ကောင်းကောင်းမွန်မွန် မသိသူ၊ လူ့စည်းကမ်း လူ့ကျင့်ဝတ်များကို မသိသူ၊ နားမလည်သူ၊ မလိုက်နာတတ်သူ၊ ဤကဲ့သို့သော ဒုစရိုက်အိုး လူမိုက် မျိုးနှင့် ဘယ်သောကာလ၊ ဘယ်ဘဝ၊ ဘယ်ဌာန၊ ဘယ် အချိန်မှာမှ မကြားရ၊ မမြင်ရ၊ မပေါင်းရပါလို၏။ စကား နှီးနှောပြောဆိုခြင်းများ မပြုရပါလို၏။ ထိုကဲ့သို့သော လူမိုက်မှ ပြောဆိုလာသော စကားတို့ကို နှစ်သက် မြတ်နိုးတန်ဖိုးထားတတ်တဲ့သူ ဘယ်ဘဝမှာမှ မဖြစ်ရ ပါလို၏။

မိမိအကျိုး၊ သူတစ်ပါးအကျိုးကို မျှမျှတတ ကြည့်တတ်မြင်တတ်သော၊ တိုက်တွန်းတတ်သော၊ မကောင်းတာ မှန်သမျှ မလုပ်ဖို့ ကောင်းတာမှန်သမျှ လုပ်ဖို့ မလုပ်သင့် မလုပ်ထိုက်သော အကုသိုလ်မှန်သမျှ မလုပ်မိကြဖို့ တိုက်တွန်းပြောဆို၊ နည်းလမ်းပေးတတ် သော၊ အကျိုးအကြောင်း အဆိုးအကောင်းပြောဆိုရာ တွင် နားလည်မှုရှိသော၊ စိတ်မဆိုးတတ်သော၊ လူ့စည်း ကမ်း လူ့ကျင့်ဝတ်များကို အလိုက်တသိ နားလည်ပေး တတ်သော၊ လိမ္မာမြင်သိ ပညာရှိတို့နှင့် အချိန်တိုင်း နေရာတိုင်း ဒေသတိုင်းမှာ တွေ့ခွင့်ကြုံခွင့်ဆုံခွင့် စကား ပြောဆို နှီးနှောခွင့် ရရပါလို၏။ ထိုကဲ့သို့သော ပညာရှိ များမှ ပြောဆိုသော စကားများကို တတ်သိနားလည် နိုင်သော၊ ဝေဖန်ဆန်းစစ်နိုင်သော ဉာဏ်ပညာတို့နှင့် ပြည့်စုံရပါလို၏။

## ထာဝစဉ် ပေးလှူပါရစေ

ညဥ့်မှလွန်မြောက်၍ နံနက်မိုးသောက် အလင်းရောက်သည်နှင့် နတ်ပြည်မှနတ်သြဇာကဲ့သို့ ကောင်းမွန်တင့်တယ်သော အစာအာဟာရများ ထင်ရှားရှိရပါလို၏။ ထိုပစ္စည်းများကို အလှူခံနိုင်သော စင်ကြယ်မြင့်မြတ် သူတော်စဉ်ဓာတ်ကို ကိန်းအောင်းနေသော အလှူခံပုဂ္ဂိုလ်များ ကြွရောက်လာ၍ ထိုပုဂ္ဂိုလ်တို့အား ယုံကြည်စေတနာ ပြည့်ဝစွာဖြင့် လှူဒါန်းပါရစေ။ လှူဒါန်းနေစဉ် အချိန်တွင်းမှာလည်း လှူဖွယ်ပစ္စည်းတို့ မကုန်ဆုံး မပျက်စီးရပါလို၏။ လှူဒါန်းပြီးသည့်နောက် လှူဒါန်းမှု အစုစုတို့ကို အစဉ်ကြည်နူး ရွှင်မြူးရပါလို၏။ လှူဖွယ်ဝတ္ထု အကြောင်းပြု၍ ဘယ်သောအခါမှ စိုးရိမ်ကြောင့်ကြ ဗျာပါရများ မရှိရပါလို၏။ ညစ်ကြေးနောက်ကျု အကုသိုလ်အစုတို့ ဝင်ရောက် နှောင့်ယှက်မှု မရှိဘဲ လှူစဉ်ကာလထိုခဏ၌ ကြည်လင်စိတ်ထား ဝမ်းမြောက်ဝမ်းသာစွာ ကုသိုလ်တရားများ ပွားများလျက် ထာဝစဉ် လှူဒါန်းရပါလို၏။

## အကျဉ်းချုပ်ကဗျာ

ထိုကဲ့သို့သော အကိတ္တိရသေ့၏ ကောင်းမှုနှင့် တောင်းဆုများ သဘောကျလှသောကြောင့် မင်းကွန်း တိပိဋကရေဆရာတော်ဘုရားကြီးက -

ဤသည့်ပုည၊ မြတ်ပုညကြောင့်၊
လောဘ ဒေါသ၊ မောဟကင်းကွာ၊
သံသရာဝယ်၊ ကျင်လည်ရဘိ၊
ပညာရှိနှင့်၊ ယှဉ်မိပေါင်းသင်း၊ ဉာဏ်မဲ့ကင်း၍၊
ပြည့်လင်းလှူဖွယ်၊ လှူစဉ်ဝယ်လည်း၊
သုံးသွယ်စေတနာ၊ ဖြောင့်ညီညာသည်၊
ခေမာအထွတ် တိုင်လိုသော် - ဟုစပ်ဆိုထားခဲ့ပါသည်။

## သိကြားမင်းရေ ပြန်ပါတော့

အကိတ္တိရသေ့လေး၏ ကောင်းမှုနှင့်တောင်းသောဆုများက အလွန်ပင် နှစ်သက်မြတ်နိုး တန်ဖိုးရှိလှသောကြောင့် သိကြားမင်းက အကိတ္တိရသေ့လေးအား ဆုထပ်ယူဖို့ တိုက်တွန်းပြောဆိုနေ၏။ သို့သော် ယခုအချိန်အခါသည် တရားဓမ္မများကို ဆက်လက်ကျင့်ကြံရန် အချိန်ကျရောက်နေပြီဖြစ်တဲ့အတွက် သိကြားမင်းအား တကယ်လို့များ သင်ဆုပေးချင်တယ်ဆိုရင်တော့ - သင်သိကြားမင်းသည် နောက်တစ်ကြိမ် မိမိထံသို့ ပြန်မလာပါနဲ့တော့-ဟု သိကြားမင်းအား နှင်လွှတ်လိုက်တော့သည်။

အကိတ္တိရသေ့လေးက နှင်လွှတ်ပေမဲ့ သိကြားမင်းက မပြန်နိုင်သေး။ မေးစရာတွေရှိနေသေးသည်။ "အကိတ္တိရသေ့လေး. . လူ့ပြည်လောက လူ့ဌာနတွင် ရှိကြသော ယောက်ျား မိန်းမ အတော်များများဟာ သိကြားမင်းကို မြင်ချင်တွေ့ချင်နေကြပေမဲ့ သင်က ဘာကြောင့် သိကြားမင်းကို မမြင်ချင်ရပါသလဲ၊ မတွေ့ချင် မမြင်ချင်ရတဲ့အကြောင်းကို ရှင်းပါအုံး"ဟု မေးလိုက်၏။

"အို့ သိကြားမင်း-နတ်တို့ရဲ့ အဆင်းရူပကာယဟာ အင်မတန်မှ လှပလွန်း၊ တောက်ပလွန်း၊ ကြည့်ကောင်းလွန်းလှပါတယ်။ လောကမှာ နှစ်သက်ဖွယ် အဆင်းရူပါရုံတွေကို မမြင်ချင် မတွေ့ချင် မခံစားချင်တဲ့ သူဆိုတာ အတော်ရှားပါလိမ့်မယ်။ တစ်ခါကြည့်လို့ ရှောင်တိမ်းနိုင်သော်လည်း တွေ့မြင်ပါများလာပါက တပ်မက်သာယာတဲ့စိတ်တွေ ဖြစ်လာနိုင်ပါတယ်။ အို့ သိကြားမင်း. . ဆိုလိုသည်မှာ သင်သည် အလိုရှိသလို ကာမဂုဏ်အာရုံ မြောက်များစွာနှင့် ပြည့်စုံတင့်တယ်သူ ဖြစ်ပါတယ်။ သင့်ကို ကြည့်ပြီး သိကြားမင်းဖြစ်ချင်တဲ့စိတ်၊ အားကျတဲ့စိတ်တွေ အလိုလိုဝင်လာရင် တရားဓမ္မများကို ကျင့်ကြံကြိုးကုတ်အားထုတ်ရာမှာ အနှောင့်အယှက် ဖြစ်နိုင်ပါတယ်။ မေ့လျော့သွားနိုင်ပါတယ်။ သင်ကဲ့သို့ အဆင်းမျိုးစုံ ကုန်လုံကြွယ်ဝ လိုတရနေတဲ့ ဘဝမျိုးကို ကြည့်ပြီး တောင့်တအားကျ ရာဂတရားတွေ တဖွားဖွားထနေမိတာဟာ တရားကျင့်ကြံရှာဖွေနေသူ အဖို့ အလွန်ပဲ အန္တရာယ်များလွန်းလှပါတယ်။ ဤကဲ့သို့

များလွန်းလှတဲ့ အန္တရာယ်တွေကြောင့် သင့်ကို နောက်တစ်ကြိမ် ထပ်မလာဖို့ ပြောကြားရခြင်း ဖြစ်ပါတယ်”လို့ အကိတ္တိရသေ့လေးက ပြောဆိုလိုက်၏။

ထိုကဲ့သို့ သိကြားမင်းစည်းစိမ်နှင့် ဆက်နွယ်လာသဖြင့် သိကြားမင်းသည် သူ့နေရာနတ်ပြည်သို့ အမြန်ပင် မတုံ့မဆိုင်း ပြန်သွားလေတော့၏။

## ကောင်းမှုနှင့်တောင်းဆု မမှားမိကြဖို့

ဗုဒ္ဓဘာသာဝင် သူတော်စင် အများအပြားမှာ နှုတ်ကြောင့် ဘဝသေရသည်ကို သတိမထားမိကြ။ တစ်ခါတစ်ရံ အလွယ်တကူပင် ဘုရားစူး-ဟု ကိစ္စတစ်ခုခုကို အကြောင်းပြု၍ ဆုတောင်းသလိုလို ကျိန်တွယ်သလိုလို ပြုလုပ်မိတတ်ကြ၏။ ‘ဘုရားစူး’၏အဓိပ္ပါယ်မှာ အလွန်ပင်လေးနက်လွန်းလှ၏။ ဘုရားစူးလို့ စိတ်လိုက်မာန်ပါ ပြောမိလိုက်လျှင် နောက်ဆက်တွဲအကျိုးဆက်က မတွေးဝံ့စရာ။ ဘုရားနှင့်တွေ့သော်လည်း ဘုရားမှန်းမသိ၊ ကြည်ညိုလေးစားရမှန်း မသိ၊ တရားတော်ကို နားကြားရသော်လည်း တရားမှန်းမသိသော ဘဝမျိုးသည် ဘုရားစူးနေသော မိစ္ဆာဒိဋ္ဌိဘဝမျိုးဖြစ်ပြီး ကမ္ဘာပျက်သည့်တိုင် ဘဝအကြိမ်ကြိမ်နာ၊ ဘဝကြိမ်ဖန်များစွာ သေနေရမည့် ဘဝမျိုးဖြစ်၏။ အထူးသတိထားသင့်၏။

အကိတ္တိရသေ့လေးကမူ ကောင်းမှုကို ဖြူစင်သန့်ရှင်းစွာ ပြုလုပ်၏။ လူ့ဖြွယ်ဝတ္ထုအနေဖြင့် တန်ဖိုးနည်းပါးလှသော်လည်း သူ၏ ကြီးမားလှသော သဒ္ဓါတရားနှင့် တုန်လှုပ်မှုမရှိ၊ တွန့်ဆုတ်နစ်ခြင်းမရှိသော ဒါနစွမ်းအားတွေကြောင့် ကြီးမားလှသော သဗ္ဗညုတဉာဏ်တော်ကို အရင်းခံလျက် တောင်းဆုတွေ သီခြွေခဲ့၏။ ကောင်းမှုသည် ဖြူစင်သန့်ရှင်းဖို့လိုသလို တောင်းဆုကလည်း မမှားကြဖို့ စေတနာအရင်းခံဖြင့် တိုက်တွန်းရင်းဖြင့် ကောင်းမှုနှင့် တောင်းဆုဆောင်းပါးကို အဆုံးသတ်လိုက်ရပါတော့သည်။

မောင်ပညာ (မန်းတက္ကသိုလ်)

### အမြင့်ရှင်းမှ အေးချမ်းရ

ဗုဒ္ဓညွှန်ပြ၊ မြတ်ဓမ္မကို၊
ရကြလိုသူ၊ များဗိုလ်လူတို့၊
ကြည်ဖြူရင်မှာ၊ စင်သဒ္ဓါဖြင့်၊
ရှစ်ဖြာမဂ္ဂင်၊ အစနှင်၍၊
ထိုတွင်ရှေ့ဦး၊ အမြင်ထူးကို၊
ဆွတ်ခူးမှန်စွာ၊ အားထုတ်ရာ၏။
မှန်စွာအမြင်၊ အားအင်ရှိမှ၊
ဓမ္မရှင်သန်၊ တက်လှမ်းနိုင်ရာ၊
ငါးဖြာအားပေး၊ မဂ်ဖိုလ်ရေးကို၊
ပြုပေးမှန်စွာ၊ အားထုတ်ပါလော့။
ငါးဖြာပင့်မ၊ နဂ္ဂဟမှာ၊
သီလအကျင့်၊ နာလင့်, ဆွေးနွေး၊
တစ်သွေးတည်ပေ၊ စိတ်ငြိမ်စေ၍၊
မြဲလေသုံးသပ်၊ ဆင်ခြင်အပ်သည်၊
ဤငါးလီတည်း။
ငါးလီချီးမြှောက်၊ ပွားများရောက်သော်၊
ထက်ပေါက်အမြင်၊ အားအင်ပြည့်ဝ၊
ပဏ္ဍာမဖြင့်၊ မဂ္ဂအစစ်၊ တိုးပွားဖြစ်ကာ၊
ရလစ်နိဗ္ဗူ၊ အေးငြိမ်းယူသည်၊
ငြိမ်းမှု ငြိမ်းရာတည်း။

အရှင်ကေလာသ (မစိုးရိမ်)

— — — — — — —

(အမြင်ထူး = သမ္မာဒိဋ္ဌိ)

## တရားစခန်းမှ တရားစမ္မများ

ဒေါက်တာ အောင်ကြိုင်

စာရေးသူသည် ၂၀၁၀-ခုနှစ် မေလကုန် "အမှတ်တရနေ့" ကာလအတွင်း အော်စတင်မြို့သို့ ကိစ္စ တစ်ခုနှင့် သွားရင်း သီတဂူဝိဟာရရိပ်သာတွင် သုံးရက် တရားစခန်း ဝင်ခဲ့ပါသည်။ အစဦးတွင် "သုံးရက်ကြီး များတောင်"ဟု တွေးမိရင်း "ကိုယ့်ကိုယ်ကို လုပ်နိုင်ပ့ါ မလား"ဟု မေးကြည့်ရသည်။ ဓမ္မမိတ်ဆွေအများစုက ဒီထက်ရက်ကြာရှည်သော တရားစခန်းပွဲများတောင် ဝင်ရောက်အားထုတ်နိုင်ခဲ့ကြရကား "သူ့ခြံတွင် ဖြူ, ပြာ ပွင့်ရင်ဖြင့်၊ ငါ့ခြံတွင် နီ, ဝါ တင့်ရမပေါ့"ဟု ဆရာဇော်ဂျီ ၏ အထက်တန်းကျောင်းမှ ကဗျာလေးကို သတိရရင်း သုံးရက်တရားစခန်း ဝင်ရောက်ရန် စာရင်းပေးသွင်းခဲ့ ပါသည်။

အမှန်စင်စစ် တစ်နေ့တာ (၂၄) နာရီတွင် ဝိပဿနာကမ္မဋ္ဌာန်း တရားအားထုတ်ရာ၌ ထိုင်မှတ် ရှုမှတ်ခြင်း၊ စင်္ကြံလျှောက်၍ ရှုမှတ်ခြင်းတို့ဖြင့် ရှုမှတ် ရာ၌ (၁) နာရီထိုင်၍မှတ်ပြီး မိနစ် (၃၀) စင်္ကြံ လျှောက်၍ ရှုမှတ်ကြပါသည်။ တရားရှု မှတ်ခြင်းများမှာ တစ်နေ့တာကာလတွင် စုစုပေါင်း (၇) နာရီမျှသာ ရှိပါ သည်။ ကြားကာလတွင် တရားနာခြင်း၊ တရားဆွေးနွေး မေးမြန်းခြင်းဖြင့် တစ်နေ့တာ တရားစခန်း ပြီးစီးခဲ့ ပါသည်။ တရားစခန်း ပထမနေ့တွင် အရေးပေါ်အခြေ အနေတစ်ခုနှင့် ကြုံခဲ့ရသည်။ ထိုအရေးပေါ် အခြေ အနေကား အော်စတင်မှ သီလရှင်ဆရာကြီးနဲ့ ပတ်သက်သောကိစ္စပင် ဖြစ်သည်။ သီလရှင်ဆရာကြီး သည် လာရောက်စက ကျန်းကျန်းမာမာပင် ဖြစ်သည်။ သို့သော် အသက်အရွယ် ကြီးရင့်နေပြီ ဖြစ်သဖြင့် အသက်ရှူရာတွင် အောက်စီဂျင်ဘူးနှင့် ရှူနေရသည်။ သီလရှင်ဆရာကြီးသည် ဆရာတော်အား လာရောက် ဖူးမျှော်ရင်း အသက်ရှူကြပ်ကာ လေရှူမဝဖြစ်လာ သဖြင့် အရေးပေါ်ကား ခေါ်ခဲ့ရပါသည်။

သည်ဖြစ်ရပ်ကို အကြောင်းခံပြီး ဆရာတော် အရှင်အရိယဓမ္မသည် ဒေဝဒူတခေါ် သေမင်းတမန် လေးပါးမှ အိုမင်းခြင်း၏ အကြောင်းတရားကို ဟောဆို မိန့်ကြားခဲ့ပါသည်။ ထိုမှ တစ်ဆက်တည်း လူ့လောက တွင် ရခဲသော ဒုလ္လဘငါးပါးကိုလည်း ဆက်လက် ဟောကြားပါသည်။

ထိုဒုလ္လဘတရားငါးပါးမှာ -

၁။ ဘုရားပွင့်သောအခါနှင့် ကြုံကြိုက်ရန် ခဲယဉ်းခြင်း။
၂။ လူ့ဘဝကို ရခဲခြင်း။
၃။ သဒ္ဓါတရားရှိသောအဖြစ်ကို ရခဲခြင်း။
၄။ ရဟန်းဘဝကို ရခဲခြင်း။
၅။ သူတော်ကောင်းတရားကို ကြားနာရခဲခြင်း-တို့ ဖြစ်ပါသည်။

လူ့ဘဝကို ရခဲခြင်းနှင့် ပတ်သက်၍ လူသူ အများ သိကြသည်မှာ လူ့ပြည်မှ ထောင်ထားသော အပ်တစ်ချောင်းနှင့် နတ်ပြည်မှ ကျဆင်းလာသော အပ် တစ်ချောင်း ထိကောင်း ထိလိမ့်မည်၊ လူ့ဘဝကို ရခဲ ခြင်းမှာ အမှန်ဖြစ်သည်ဟု သိမှတ်ကြ၏။ ကျမ်းဂန်နှင့် ပတ်သက်၍ အထောက်အထားပြရလျှင် သံယုတ်ပါဠိ တော် နခသိခူပမသုတ်တွင်- မြတ်စွာဘုရားရှင်က လက်သည်းဖျားပေါ်မှ မြေမှုန့်နှင့် မဟာပထဝီမြေကြီးကို နှိုင်းယှဉ်ပြ၍ "မည်သည်က များသနည်း"ဟု ရဟန်း တော်များအား မေးကြားကာ "ဤဘဝမှ စုတေ၍ လူ့အဖြစ်ကိုရခြင်းမှာ လက်သည်းဖျားပေါ်မှ မြေမှုန့်မျှ လောက်သာ အရေအတွက်ရှိပြီး ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဟူသော အပါယ်လေးပါးသို့ ရောက်သူများ ကား မဟာပထဝီမြေကြီးတမျှ များပြားလှသည်"ဟု မိန့်ကြားတော်မူခဲ့ပါသည်။

ထိုမှတစ်ပါး ဥပရိပဏ္ဏာသပါဠိတော် သုညတဝဂ် ဗာလပဏ္ဍိတသုတ်တော်တွင် အပါယ်ဘုံသားဘဝမှ လူ့ဘဝပြန်ရဘို့ ခဲယဉ်းပုံကို - မဟာသမုဒ္ဒရာအတွင်းမှ လိပ်ကန်းတစ်ကောင်သည် အနှစ်တရာ အနှစ်တရာ ကြာမှသာ ရေအောက်ကြမ်းပြင်မှ ရေပေါ်သို့ ပေါ်လေ့ရှိ၏။ ထိုသမုဒ္ဒရာထဲတွင်လည်း ရေစီးရာ လေတိုက်ရာသို့ မျောချင်ရာမျောနေသော လှည်းထမ်းပိုးတစ်ခုရှိ၏။ လိပ်ကန်း၏ ခေါင်းနှင့် ထိုလှည်းထမ်းပိုပေါက်တို့ စွပ်မိချင် စွပ်မိလိမ့်မည်၊ အပါယ်မှ လူ့ဘဝကို ရဘို့ရာ ပိုခဲယဉ်းသည်ဟု ဥပမာပြ မိန့်ကြားထားပါသည်။

ထို့သို့ခဲယဉ်းလှသော လူ့ဘဝကို ရခိုက်၊ ဘုရားပွင့်ရာအခါနှင့်လည်း ကြုံကြိုက်၊ သဒ္ဓါတရားနှင့်လည်း ပြည့်စုံပြီး သူတော်ကောင်းတရားကို ကြားနာရခိုက်မှာ ဘဝတိုးတက်ရေးအတွက် ဆောင်ရွက်သင့်ကြပေသည်။ ထိုသို့ ဘဝတိုးတက်ရေး ဆောင်ရွက်ကြရာတွင် ဒါန သီလ ဘာဝနာဟူသော ပြုလုပ်ဖွယ် ဆောင်ရွက်ဖွယ်တို့ကို အခါအခွင့် သင့်သလို သင့်သည့်အတိုင်း ဆောင်ရွက်ကြရပါမည်။ ဒါနတရားကို ပြုလုပ်ဆောင်ရွက်ကြရမည် ဖြစ်သလို သီလတရားကိုလည်း ဆောက်တည် စောင့်ထိန်းကြရပါမည်။ ထိုသို့ ဒါန သီလတရားများကို ပြုလုပ်ဆောင်ရွက်ပြီး ဘာဝနာတရားကိုလည်း ပွားများအားထုတ်ကြရပါမည်။ ဘာဝနာတွင်လည်း သမထဘာဝနာကို ပွားများရမည် ဖြစ်သလို ဝိပဿနာ ဘာဝနာကိုလည်း ပွားများကြရမည် ဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် ဝိပဿနာပွားများအားထုတ်မှသာ ဒုက္ခမျိုးစုံခံစားရခြင်း၊ သံသရာဝဋ္ဋ်ဆင်းရဲဒုက္ခမှ ကင်းလွတ်နိုင်မည် ဖြစ်သည်။ သို့သော် ဝိပဿနာအားထုတ်ရာတွင် ထင်မြင်နိုင်စေရန် သမထတရားကို ရှုမှတ်အားထုတ်ကြရမည် ဖြစ်ပေသည်။ သမထတရားရှုမှတ်မှ သမာဓိရနိုင်မည် ဖြစ်သည်။ သမာဓိရမှ ဉာဏ်ပညာ အမြင်တိုးတက်မည်ဖြစ်သည်။ ထိုသို့ သမထတရား၊ ဝိပဿနာတရားများ အားထုတ်ကြရသလို သီလတရားကိုလည်း ပွားများ အားထုတ်ကြရမည် ဖြစ်သည်။ သီလတရားစောင့်ရှောက်ထိန်းသိမ်းမှသာလျှင် သမာဓိတရားလည်း ရရှိတိုးတက်မည်ဖြစ်သည်။ သီလမရှိက သမာဓိမရနိုင်ပေ။ သီလတရားကို ထိန်းသိန်းစောင့်ရှောက်ရမည်ဖြစ်သလို ဒါနတရားကိုလည်း ပြုလုပ်ဆောင်ရွက်ကြရပေမည်။ ဒါနမပြုသော် ဘဝသံသရာအသက်မွေးဝမ်းကြောင်းရာတွင် ခက်ခဲစွာ မွေးမြူနေရသဖြင့် သီလစောင့်ထိန်းရန် မဖြစ်နိုင်ပေ။ သီလမစောင့်နိုင်သော် သမာဓိမရနိုင်၊ သမာဓိမရသော် ဝိပဿနာဉာဏ်မဖြစ်နိုင်ပေ။

ဝိပဿနာအားထုတ်ရာတွင် မကြာခဏ အနေအထားပြောင်းခြင်းနှင့်ပတ်သက်၍ ဆရာတော်သည် ဖန်ခွက်တွင်းမှ ရေနှင့် နှိုင်းယှဉ်၍ ဟောကြားပါသည်။ ဖန်ခွက်ကို မကြာခဏလှုပ်ခါနေလျှင် အတွင်းမှ ရေသည် တည်ငြိမ်မှုရရန် ခဲယဉ်းသကဲ့သို့ ကိုယ်ခန္ဓာကို မကြာ ခဏ အနေအထားပြောင်းနေလျှင် သမာဓိရရန် မလွယ်ကူပေဟု မိန့်ကြားပါသည်။ တဖန် သမာဓိရခြင်း၊ မရခြင်း၊ ဉာဏ်ပညာထင်မြင်ခြင်း၊ မထင်မြင်ခြင်းနှင့် ဆက်စပ်ပြီး သမာဓိ, ဉာဏ်ပညာတို့ ရရှိထင်မြင်ရန် တားဆီးနှောက်ယှက်နေသော စိတ်ကို ပိတ်ဆို့တတ်သော နီဝရဏတရားငါးမျိုးကိုလည်း သတိမူသင့်ကြောင်း ဟောကြားပါသည်။

ထိုနီဝရဏတရားငါးမျိုးမှာ-

၁။ ကာမဂုဏ်၌ လိုလားမှု = ကာမစ္ဆန္ဒနီဝရဏ
၂။ ပျက်စီးစေလိုမှု = ဗျာပါဒနီဝရဏ
၃။ လေးလံထိုင်းမှိုင်းမှု = ထိနမိဒ္ဓနီဝရဏ
၄။ပျံ့လွင့်မှု,နောင်တတဖန်ပူပန်မှု=ဥဒ္ဒစ္စကုက္ကုစ္စနီဝရဏ။
၅။ မဝေခွဲနိုင်မှု = ဝိစိကိစ္ဆာနီဝရဏ-တို့ဖြစ်သည်။

ထို့နောက် ဝိပဿနာတရားအားထုတ်ရခြင်း အကြောင်းရင်းဖြစ်သော တရားရကြောင်းတရားများကိုလည်း မိန့်ကြားပါသည်။

တရားရကြောင်းများမှာ -

၁။ အဆင့်မြင့်စိတ် ရှိရမည်။

၂။ သတိရှိရမည်။

၃။ ဉာဏ်ရှိရမည်။

၄။ ဉာဏ်ဖြစ်ကြောင်း သီလ၊ သမာဓိ ရှိရမည်။

ဝိပဿနာတရားအားထုတ်ခြင်းဖြင့် အောက်ပါကောင်းကျိုးချမ်းသာများကို ရရှိနိုင်ပါသည်။

၁။ စိုးရိမ်သောက စိတ်ဆင်းရဲမှုကင်းခြင်း။

၂။ လောကဓံတရားကို ကြံ့ကြံ့ခံနိုင်ခြင်း။

၃။ ရာဂဒေါသစသော ကိလေသာတရားများ ငြိမ်းအေးခြင်းနှင့်

၄။ သတိအမြဲရှိသောရဟန္တာအဖြစ်ကို ရရှိခြင်း- စသည်တို့ ဖြစ်ပါသည်။

ဝိပဿနာဘာဝနာတရား အားထုတ်ရခြင်းသည် သံသရာဝဋ်မှ ကင်းလွတ်ရန်အတွက် ဖြစ်သည်။ သံသရာဝဋ်ဆင်းရဲဒုက္ခအပေါင်းမှ ကင်းလွတ်မှုတွင် အနိမ့်ဆုံးအားဖြင့် သောတာပန်အဆင့်သို့ ရောက်ရှိမှ စိတ်ချ ရသော အခြေအနေသို့ရောက်ရှိမည်ဖြစ်သည်။ သောတာပန်ဖြစ်ကြောင်းတရားများမှာ-

၁။ ယောနိသောမနသိကာရ= အရှိသဘာဝကို အရှိသဘာဝအတိုင်းဆင်ခြင်မှု ဥပမာ- မိမိ၏ခန္ဓာကိုယ် ရုပ်နာမ်နှစ်ပါးတွင် ရုပ်တရားကို ကြည့်ရှု၍ ပျော့မှုမာမှု သဘောတရားသည် ပထဝီဓာတ်၊ အေးမှုပူမှုသဘော သည် တေဇောဓာတ်စသည်ဖြင့် အမှန်သဘောကို ဆင်ခြင်ခြင်း။

၂။ ဓမ္မာနုဓမ္မပဋိပတ္တိ = တရားသဘောအတိုင်း ကျင့်ကြံခြင်း၊ သမာဓိတရားရရှိရန် ကျင့်ဆောင်ခြင်း။

၃။ သပ္ပုရိသူပနိဿယ = ဝိပဿနာဘာဝနာ တရားတို့ကို ထင်ရှားသိစေရန် ဟောပြောနိုင်သူ၊ တရားအမှန်ကို ညွှန်ကြားပြသ ဟောပြောနိုင်သူကို ဆည်းကပ် ပေါင်းသင်းခြင်း။

၄။ သဒ္ဓမ္မဿဝန = သူတော်ကောင်းတရားကို ကြားနာခြင်း၊ သံသရာမှ ကျွတ်လွှတ်ရန် ဝိပဿနာ တရားများကို နာကြားခြင်း-တို့ ဖြစ်သည်။

ဝိပဿနာကမ္မဋ္ဌာန်းပွားများခြင်းသည် သံသရာဝဋ်ဒုက္ခမှ ကင်းလွတ်ရန် နောက်ဆုံးပန်းတိုင်ဖြစ်သလို ယခုမျက်မှောက် ပစ္စုပ္ပန်ဘဝတွင် ခံစားတွေ့ကြုံနေရသော စိုးရိမ်ခြင်း ပူဆွေးခြင်း ငိုကြွေးခြင်းစသော စိတ်ဆင်းရဲမှုများ၊ ကိုယ်ဆင်းရဲမှုများမှလည်း လွတ်ကင်းနိုင်ပေသည်။ ထိုသို့သောအခြေအနေတို့ကို တရားအားထုတ်ခြင်းဖြင့် လက်တွေ့သိနိုင် အကျိုးခံစားနိုင်သည်ကို သုံးရက်စခန်းအားထုတ်ခြင်းဖြင့် သမာဓိရရှိသည့် အခိုက်အခါတို့၌ လက်တွေ့ တွေ့ရှိခံစားရရှိခဲ့ပါသည်။

ဤဆိုအပ်ပြီးသော အကြောင်းအရာတို့သည် စာရေးသူ၏ တရားစခန်းအတွင်းမှ ကြားနာရရှိခဲ့သော တရားတော်များဖြစ်ပါသည်။ ထိုတရားတော်များကို ပြန်လည် ဖြန့်ဝေလျက် မဟာစည်ဆရာတော်၏ နိဗ္ဗာန် ဝိပဿနာရှုနည်းကိုတင်ပြရင်း ဤဆောင်းပါးကို နိဂုံးချုပ်အပ်ပါသည်။

ဝိပဿနာဉာဏ်ဆိုတာ၊ဘယ်ဟာရှု၍ဖြစ်သနည်း။။
စွဲလမ်းနိုင်ရာငါး၊ခန္ဓာ၊မှန်စွာရှု၍ဖြစ်သတည်း။။

ဘယ်အကျိုးငှါ၊ထိုခန္ဓာ၊ဘယ်ခါရှု၍ရပါသနည်း။။
မစွဲဘို့ရာ၊ဖြစ်ဆဲမှာ၊မှန်စွာရှု၍ရပါသတည်း။။

ဖြစ်ခိုက်မရှု၊ရုပ်နာမ်စု၊စွဲမှုဝင်ရောက်သည်။
မြဲတယ်ကောင်းတယ်၊ငါကောင်နှယ်တကယ်ထင်တတ်သည်။

ဖြစ်တိုင်းမှတ်ရှု၊ရုပ်နာမ်စုစွဲမှုကင်းပျောက်သည်။
မမြဲဆင်းရဲ၊သဘောဘဲ၊ဉာဏ်လည်းရှင်းတော့သည်။
ဝိပဿနာရှုနည်း၊မှုသေစည်းသိမ်းဆည်းထားရမည်။

ဒေါက်တာ အောင်ကြိုင်

### အချောင်အကုသိုလ်

ဘဝသံသရာမှာ ကိုယ့်ကိစ္စနှင့်ကိုယ်
အကုသိုလ်ဖြစ်နေကြတာပင် များလှပေပြီ။
သူတစ်ပါးကိစ္စနှင့်
အကုသိုလ်အပို မဖြစ်ကြစေနှင့်။

### အကုသိုလ်ညစ်ကြေးတားဆီးပေး

အိုဘယ့်လူသား၊ သတိထားလော့၊
တို့များလောက၊ သဘာဝတွင်၊
များလှ အ,ကု၊ အညစ်စုသည်၊
မိမိမှုသာ၊ ဖြစ်ပွားရာကြောင့်၊
သံသာဒုက္ခ၊ အဝဝသည်၊
များလှလေပြီ၊ သို့ဖြစ်သည်ကြောင့်၊
တစ်လီသူ့တွက်၊ ဖြစ်ပွားချက်ကို၊
တပ်မက်ခုံမင်၊ မလိုချင်နှင့်၊
ဆင်ခြင်တတ်မှု၊ သတိပြုလျက်၊
အ,ကု ယုတ်မာ၊ ဖြစ်ပွားလာသော်၊
ပယ်ခွါနိုင်ရေး၊ အစဉ်တွေးလျက်၊
ပယ်ရေးပယ်ရာ၊ အားထုတ်ကာနှင့်၊
ငြိမ်းရာငြိမ်းမှု၊ အကြောင်းစုကို၊
ကျင့်မှုဆင့်ကာ၊ ကြိုးစားရာသည်၊
သူငါအပေါင်း၊ ချမ်းသာကြောင်းတည်း။

အရှင်ကေလာသ (မစိုးရိမ်)

# လမ်းကလေးမှဖြောင့်ပါလေစ

ခင်သက်တင် (ပညာရေး)

ဝင်္ကဘာထဲ လမ်းလျှောက်ဘူးပါသလား၊ သူသူငါငါ လျှောက်နေကြသော အရုံသင့်လမ်းကလေးက မှန်သလား၊ စူးစမ်းရှာဖွေ၍ သင့်သည်, မှန်သည်ထင်ရသောလမ်းကို ထွင်လျှောက်ရမှာလား၊ သို့လောသို့လော အတွေးများဖြင့် ဝင်္ကဘာထဲ လမ်းပျောက်သူတိုင်း ချောက်ခြားစွာ ခံစားကြရပါသည်။ အဖြေအတိအကျ မသိသော အတွေးများသည် သံသယများသာ ဖြစ်ပါသည်။ ဘဝလမ်းခရီးသည်လည်း ထိုနည်းအတိုင်းပင် ကောင်းတာ လုပ်တာဘဲ၊ အမှားမလုပ်ရင် ပြီးတာဘဲ၊ ကိုယ်မချို အမိသော်လည်း သား တော်ခဲ-စသည်ဖြင့် အကြောင်းပြ ဆင်ခြေများဖြင့် ဘဝဇာတ်ခုံတွင် ကျင်လည်နေကြရာ သူတစ်မျိုး ငါတစ်ဖုံဖြင့် ဘယ်ဟာမှန်နိုး သံသယပေါင်းများစွာဖြင့် အဖြေရှာမရ ဖြစ်နေသော အနေအထားမျိုး၊ လမ်းများ မှားသွားသလား၊ မှားနေပြီလား-အစရှိသဖြင့် သို့လော သို့လော ဒွိဟများစွာဖြင့် ဘဝလမ်းခရီးကလေးမှ ဖြောင့်ပါလေစ-ဆိုသည့် အတွေးမျိုးရှိစဉ် ခံစားရသော ဝေဒနာသည် ဝင်္ကဘာထဲ လမ်းပျောက်သူပမာ ရတက်ပွေ အခက်ဝေရပါသည်။ နေတတ်သလို၊ နေသင့်သလို တစ်သက်လုံး နေလာခဲ့သည်မှာ တတိယအရွယ် ရောက်လုတိုင်အောင်ပင် ဖြစ်ပါသည်။ သိသင့်သိထိုက်သော အမှန်တရားများ၊ တနည်း သစ္စာတရားများကို နားလည်နိုင်ရန် မချဉ်းကပ်နိုင်သေးပေ။

ကျမတို့သည် သိတတ်သည့်အချိန်မှစ၍ အမှန်တရားများကို ရှာဖွေလေ့လာနေကြသည်မှာ မပြီးဆုံးနိုင်သော ပန်းချီကားတစ်ချပ်ကို ရေးဆွဲနေသည်နှင့် တူပေသည်။ ဘယ်သောအခါမှ ရုပ်လုံးမပေါ်၊ အချည်း

နိုးဘဝဖြင့်သာ သက်တမ်းကုန်ဆုံး သွားကြပေသည်။ နှစ်ဦးကာလ ကျောင်းနေချိန်အရွယ်တွင် အရေအတွက်ပိုင်းဆိုင်ရာ သင်္ချာအမှန်တရားများ၊ သဘာဝလောကဓာတ်ဆိုင်ရာ သိပ္ပံပညာ အမှန်တရားများ၊ အတွေးအခေါ်ပိုင်းဆိုင်ရာ ဒဿနိကပညာများ စသည်များကို သက်သေအထောက်အထားများနှင့်တကွ လေ့လာဆည်းပူး သင်ယူလာခဲ့သည်မှာ လူလတ်ပိုင်းအရွယ်တိုင်အောင် ရှိခဲ့ရပါသည်။ သင်ယူခဲ့သော အမှန်အကန် ပညာရပ်များဖြင့် ဘဝလမ်းကြောင်း လျှောက်လှမ်းရာတွင် အသင့်အတင့် အထောက်အကူ ရရှိခဲ့ပါသည်။ အချိန်တွေ ကုန်ဆုံးသွားသည်နှင့်အမျှ ရင့်ကျက်သော အရွယ်သို့ ရောက်ရှိလာခဲ့ပါသည်။ အသက်အရွယ် အတွေးများကလည်း ရင့်ကျက်လာ တည်ငြိမ်လာပါသည်။ နေ့တဓူဝ စားဝတ်နေရေးကိစ္စဖြင့်သာ နေ့ကို လစား၊ လကိုနှစ်စားဖြင့် ပျော်တစ်လှည့် ရယ်တစ်ခါရှိသလို မရွှင်နိုင် ခွေယိုင်ကာနုံး မပြုံးနိုင်သောအခါများလည်း ရှိခဲ့ပါသည်။ အလှည့်အပြောင်း အမျိုးမျိုးဖြင့် လောကဓံတရားများကို ကြုံကြုံခံရင်း ဇရာပိုင်းကို မျှော်ကြည့်နိုင်သောအခါသို့ တိုင်လာပါပြီ။ ထိုအခါ ကိုယ့်ကိုယ်ကို ပြန်လည်စစ်တမ်းထုတ်ကြည့်မိပါသည်။ ငါသည် ဘယ်ကလာလို့ ဘယ်ကိုသွားနေပါသလဲ၊ ဘယ်မှာလမ်းဆုံးမှာလဲ၊ ချမ်းသာခြင်း၊ ငြိမ်းချမ်းခြင်းဆိုတဲ့ လူတိုင်းအလိုရှိကြသည့် အမှန်တရားကို ရရှိပိုင်ဆိုင်နေပြီလား၊ အဖြေကတော့ အမိဝမ်းမှ သက်ဆင်းလာပြီးနောက် သေခြင်းမှတ်တိုင်ဆီသို့ သွားနေသည့်အဖြစ်၊ ရုန်းကန်လှုပ်ရှားခြင်းဆိုတဲ့အမှုနဲ့အတူ တပ်မက်မှု လောဘ၊ စိတ်ဆိုးမှု ဒေါသ၊ တွေဝေမှု မောဟတွေ ပြွမ်းတီးနေရတဲ့ အဖြစ်သနစ်ကို စဉ်းစားဆင်ခြင်မိပါသည်။ ဆင်ခြင်မိသည်နှင့်အတူ လောဘမီး၊ ဒေါသမီးများဖြင့် ပူလောင်မှန်းမသိ ပူလောင်နေသော ဘဝကို ကျေနပ်တစ်လှည့်၊ စိတ်ကုန်တစ်လှည့်ရှိနေခဲ့သော လမ်းကြောင်းပေါ်တွင်သာ လှမ်းဆဲ လျှောက်ဆဲ ရှိနေသည်ကို သိရှိခံစားရပါသည်။

ကျောင်းသင်ပညာရပ်များသည် လူသားများ လက်ခံထားကြသော ရုပ်ဝတ္ထုအမှန်တရားများဖြစ်ပြီး ချမ်းသာခြင်း အစစ်အမှန်ကို မပေးစွမ်းနိုင်ပေ။ ပကတိချမ်းသာသုခရရှိဖို့ရန်မှာကား ယထာဘူတသဘောတရားများ၊ သဘာဝသဘောတရားများ၊ ယေဘုယျလက္ခဏာများကို သိရှိနားလည်စေနိုင်သော ဒဿနအားမာန် ထက်မြက်စေသည့် သစ္စာတရားကို ယုံကြည်လက်ကိုင်ထားဖို့ လိုပါသည်။ လောက၌ သစ္စာတရားသည် အမြတ်ဆုံး ဖြစ်သည်။ သစ္စာတရားက မစွမ်းဆောင်နိုင်သောအရာ မရှိ။ သစ္စာတရားဖြင့် ဘဝငြိမ်းချမ်းရေးကို တည်ဆောက်နိုင်သည်။ ထို့အတူ အမှန်တရား၊ သစ္စာတရားကို သွေဖည်လျှင်လည်း သဘာဝတရား၏ ဒဏ်ခတ်ခြင်းကို ခံရပေမည်။ ဥပမာအားဖြင့် လူ့အသိုင်းအဝိုင်းတွင် လူလိမ်၊ လူညာ၊ သစ္စာဖောက်စသည့် မမှန်ကန်သောသူအားလုံးသည် နိဂုံးချုပ်ကောင်းသည်ဟူ၍ ဘယ်သောအခါမျှ မရှိခဲ့ဘူးပါ။ သစ္စာစွမ်းရည် တစ်နည်းဆိုသော် မှန်ကန်ခြင်းသည် အင်အားတစ်ရပ် ဖြစ်၏။ သစ္စာစွမ်းရည်သည် အံ့မခန်းလိလိ ကြီးမားပါသည်။ ထို့ကြောင့်သာ သစ္စာရေသောက်ခြင်း၊ သစ္စာဆိုခြင်းစသည်များကို ရှေးအစဉ်အလာမပျက် လုပ်တုန်းလုပ်ဆဲ ဖြစ်ပါသည်။

“မင်းမှာသစ္စာ၊ လူမှာကတိ”ဆိုသောစကားအရ အုပ်ချုပ်သူ အစိုးရကလည်း အဂတိမလိုက်စားဘဲ ဖြောင့်မတ်တည်ကြည်၍ ပြည်သူပြည်သားများကလည်း မှန်ကန်မှုကတိသစ္စာတရားကို လက်ကိုင်ထားပါမှ၊ မြတ်နိုးပါမှ တိုင်းပြည်တိုးတက် အေးချမ်းပြီး စည်ပင်သာယာဝပြောပေမည်။ **“ကတိသစ္စာ၊ တည်သောခါဝယ်၊ ဩဇာလေးနက်၊ ပေါ်ဆီတက်၍၊ နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်၏”** ဆိုစကားကို ထောက်ရှု၍ သစ္စာစွမ်းရည်ကို သိရှိနိုင်ပါသည်။ လူသားများ ကတိသစ္စာတည်တံ့ မှန်ကန်စွာ နေထိုင်ကြလျှင် သက်မဲ့သစ်ပင်များပင်လျှင် အစွမ်းထက်မြက်၍ အကျိုးအာနိသင် တိုးလာနိုင်ပါသည်။

သစ္စာသည် နာမ်စွမ်းအားတစ်ရပ်ဖြစ်၍ သစ္စာကပေးသော ဖြောင့်မတ်တည်ကြည်မှုသည် စိတ်တွင် ထူးခြားသော တန်ခိုးသတ္တိများ ရရှိစေပါသည်။ ထို့အပြင် သီလစွမ်းရည်ပါ ပံ့ပိုးလိုက်သည့်အခါ အံ့ချီးဖွယ်ကောင်းအောင် အစွမ်းသတ္တိ ထင်ပေါ်လာပါသည်။ ထို့ကြောင့် သစ္စာသည် လောင်နေသောမီးကို ငြိမ်းသတ်နိုင်သလို၊ စီးနေသောရေကို ရပ်တန့်စေနိုင်သည်။ အထက်ဆန်တက်စေနိုင်ပါသည်။ အဆိပ်ကို ရေဖြစ်စေနိုင်သလို၊ ရေကို ဆေးဖြစ်စေနိုင်ပါသည်။ ခေါင်သောမိုးကို ရွာစေနိုင်ပါသည်။ ရွာသောမိုးကို ရပ်တန့်စေနိုင်ပါသည်။ ရောဂါအမျိုးမျိုးကို ပျောက်ကင်းစေနိုင်ပါသည်။ ဘေးအန္တရာယ်အသွယ်သွယ်ကို တားဆီးပေးနိုင်ပါသည်။ ဘေးကြပ်နံကြပ်အခြေအနေမျိုးကို ကျော်လွှန်စေနိုင်ပါသည်။ အကြံအစည်များကို အောင်မြင်စေနိုင်ပါသည်။ သစ္စာနှင့်တူသောစွမ်းအား မရှိ။ သစ္စာက မစွမ်းဆောင်နိုင်သောအရာလည်း မရှိ။ မြတ်စွာဘုရားလောင်း သုဝဏ္ဏသျှံဘဝတွင် အဆိပ်မြှားသင့်သော သုဝဏ္ဏသာမသားတော်ကို အမိအဖတို့မှ သစ္စာဆို၍ သားရွှေအိုးထမ်းကာ အသက်ရှင်လာသည့် သစ္စာစွမ်းအား အံ့မခန်းနိုင်ပုံကို မြန်မာဗုဒ္ဓဘာသာများ သိရှိပြီး ဖြစ်ပါသည်။ ဗာရာဏသီပြည် ပီဠိယက္ခမင်းကြီးသည် သမင်သားကို အလွန်ကြိုက်နှစ်သက်၍ ထီးနန်းကို မယ်တော်ထံ ခေတ္တအပ်ထားပြီး တောကစားထွက်လာရာတွင် စက္ခုနှစ်ကွင်းအလင်းမရသော မိခင်ဖခင်တို့ကို အလုပ်အကျွေးပြုနေသော သုဝဏ္ဏသာမသည် သမင်များခြံရံပြီး ရေခပ်အလာ ပီဠိယက္ခမင်းကြီးသည် သမင်တို့အား မြားဖြင့်ပစ်ရာ သမင်တို့ကို မမှန်ဘဲ သုဝဏ္ဏသာမအား မှန်လေ၏။ ထို့နောက် မင်းကြီးသည် မိဘနှစ်ပါးအား အလုပ်အကျွေးပြုနေသော သုဝဏ္ဏသာမ၏အဖြစ်ကိုသိရပြီး အကြီးအကျယ် စိတ်မကောင်းဖြစ်၍သုဝဏ္ဏသာမ၏ မိခင်ဖခင်တို့ကိုသွားရောက်ခေါ်ဆောင်၍ အပြစ်ကို တောင်းပန်လေ၏။ မျက်မမြင်အမေအိုအဖေအိုတို့သည် မင်းကြီးအား စိတ်ဆိုးခြင်းမရှိ။ သားအတွက်ချမ်းသာရကြောင်းသာ မှန်ကန်သောသစ္စာကို တိုင်တည်ကြလေသည်။ "အကျွန်ုပ်တို့သည် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတို့အား ရှိခိုးပါ၏။ သားတော် သုဝဏ္ဏသာမသည် ကုသိုလ်တရားတို့ကို ပြုကျင့်၏။ မြတ်သောအကျင့်ကိုသာ ကျင့်လေ့ရှိ၏။ မှန်သောစကားကိုသာ ဆိုလေ့ရှိ၏။ အမိအဘတို့ကို လုပ်ကျွေးပြုစု၏။ လူကြီးများကို ရိုသေ၏။ ထိုမှန်ကန်သော သစ္စာစကားကြောင့် မြားဆိပ်ပြေပါစေသတည်း"။ ထိုနောက် ရှေးခုနစ်ဘဝက အမိတော်စပ်ခဲ့သော ဗဟုသုန္ဒရီနတ်သမီးရောက်လာပြီး သစ္စာဆိုပြန်လေ၏။ "ဤဂန္ဓမာဒနတောင်၌ နှစ်ပေါင်းများစွာနေခဲ့စဉ် သားတော် သုဝဏ္ဏသာမထက် ပို၍ချစ်မြတ်နိုးသောသူ မရှိခဲ့။ ဤတောင်၌ ရနံ့မွှေးသောအပင်များမှအပ အခြားအပင်များ မရှိ။ ဤမှန်ကန်သောသစ္စာစကားကြောင့် အဆိပ်ပြေပါစေသတည်း"။ ထိုသို့သော မှန်ကန်သည့် သစ္စာစကားတို့ကြောင့် သိကြားမင်းဆင်းလာပြီး လိုရာဆုတောင်းစေရာ "သားရွှေအိုးထမ်းလာသည်ကို မြင်ရပါလို၏"ဆိုသောဆုနှင့် ပြည့်ဝသွားကြလေ၏။ သစ္စာကိုမြတ်နိုးသူအား သစ္စာက ပြန်လည်စောင့်ရှောက်သဖြင့် ကောင်းကျိုးရမည်သာ ဖြစ်သည်။ သေလွန်ပြီးလျှင်လည်း ကောင်းသည့်ဘုံသို့သာ ရောက်ရမည် ဖြစ်ပါသည်။

သစ္စာကို မြတ်နိုးသူသည် မုသားကို မနှစ်မြို့။ မမှန်သောစကားကို မဆို။ ဆိုပြီးသောစကားကို မပယ်ဖျက်။ ဆောင်ရွက်ရမည့်တာဝန်ဝတ္တရားကို မပျက်မကွက် ဆောင်ရွက်၏။ မိဘတို့က မိဘတာဝန်ကျေပွန်ခြင်းသည် သစ္စာစောင့်သိသည်မည်၏။ သားသမီးက သားသမီးတာဝန် ကျေပွန်ခြင်းစသည်တို့သည်လည်း သစ္စာစောင့်သိခြင်း ဖြစ်၏။ သစ္စာတရား ခေါင်းပါးသည့်အတွက် လူလူချင်း လိမ်လည်လှည့်ဖျားမှုများ၊ မတရားမှုများ ကျူးလွန်နေကြသည်။ ကတိသစ္စာကို ချိုးဖောက်နေကြသည်။ ကိုယ်ကျင့်တရားများ ပျက်ပြားနေကြသည်။ တာဝန်ဝတ္တရားများ လစ်ဟင်းနေကြသည်။

သစ္စာမစောင့်ထိန်းကြလျှင် ကပ်သုံးပါး၊ ရေဘေး၊ မီးဘေး၊ လေဘေး၊ ဝတ်မွတ်ခေါင်းပါးသည့်ဘေး၊ ရောဂါဘေး၊ လက်နက်ဘေးစသည်ဖြင့် ဘေးအသွယ် သွယ် ရန်အသွယ်သွယ် ကျရောက်တတ်ပါသည်။ ထို့ကြောင့် ကျမတို့သည် သစ္စာတရားကို လက်ကိုင်ထား ကြရမည် ဖြစ်ပါသည်။

မန်လည်ဆရာတော်ဘုရားကြီးရေးသားထား သော မဃဒေဝလင်္ကာများမှ သစ္စာတရား မည်ရွေ့ မည်မျှ အရေးပါ၍ သူတော်ကောင်းများ ကျင့်သုံးကြ ပုံကို ကောက်နုတ်တင်ပြလိုပါသည်။

**မဖြုတ်သစ္စာ၊ တော်တည့်ရာ. .** မြစ်ရေ ညာဆန်၊ သတ္တဗ္ဗန်က၊ ယုဂန်မြင်းမိုရ်၊ ကွဲပြိုချအပ်၊ တိုက်စက္ကဝါ၊ မြေကမ္ဘာလည်း၊ လန်ကာထက်အောက်၊ ပြန်မှောက်စေမူ၊ အယူမယုတ်၊ သူတော်နုတ်ကား၊ မဖြုတ်သစ္စာ၊ တော်တည့်ရာ၏။

ဆိုလိုသည်မှာ မြစ်ရေသည် အောက်မှ အထက်အညာသို့ ဆန်၍ စီးပါစေ၊ မြင်းမိုရ်တောင်ကြီး အက်ကွဲပြိုကျပါစေ၊ တစ်သောင်းသောစကြဝဠာနှင့် ကမ္ဘာမြေကြီးသည် အထက်အောက်မှောက်၍ လန်သွားပါစေ၊ သူတော်ကောင်းတို့၏ နှုတ်ထွက် စကားသည် ဘယ်သောအခါမှ ယွင်းဖောက်ခြင်း မရှိ၊ ထာဝရမှန်ကန်ဖြောင့်မတ်နေရာ၏။

**အကယ်မယွင်း၊ မြဲစေလျှင်း. .** သစ္စာဟူငြား၊ မှန်တရားလည်း၊ တိမ်းပါးမရှိ၊ မြဲစေဘိလော့၊ တောင်ရှိ မပြို၊ မယိမ်းယိုင်နှင့်၊ ဖရိုဖရဲ၊ မဟူဘဲလျှင်၊ ဆိုခဲမိန့်ခဲ၊ မိန့်တပဲလည်း၊ မလွဲမလက်၊ သိကြားဖျက်စေ၊ မပျက် မစီး၊ စက်နှယ်လှီး၍၊ ထွက်ပြီးဆင်စွယ်၊ နေသဖွယ်ဖြင့်၊ အကယ်မယွင်း၊ မြဲစေလျှင်းရှင့်။

ဆိုလိုသည်မှာ သစ္စာ တရားနှင့် ပြည့်စုံပါစေ၊ ပြောဆိုပြီးသော စကားတစ်ခွန်းကို ကျောက်တောင်ကြီး သဖွယ် မယိမ်းမယိုင် မြဲနေပါစေ၊ စကားကို အလွယ် မပြော၊ ပြောပြီးလျှင်လည်း သိကြားမင်း ဖျက်သော် လည်း မပျက်မယွင်းအောင် ထိန်းထားပါ၊ ထွက်ပြီးသော ဆင်စွယ်သည် ပြန်ဝင်ရိုး ထုံးစံမရှိသကဲ့သို့ နေမင်း သဖွယ် အမြဲတည်နေပါစေ။

**သစ္စာမဖြုတ်၊ မှန်သောနှုတ်.** လူအတွင်းဆိုး၊ လူရိုး မမည်၊ လူပျားရည်ရှင့်၊ မတည်သမ္မာ၊ လွန်ဆိုးစွာခဲ့၊ သစ္စာမဖြုတ်၊ မှန်သောနှုတ်ဖြင့်၊ မဟုတ်မဆို၊ ထိုပုဂ္ဂိုလ်မှ၊ လူဗိုလ်တကာ၊ မှီခိုရာကြောင့်၊ လူမှာလူနတ်၊ အများ မှတ်၏။

ဆိုလိုသည်မှာ အတွင်းစိတ်ထား မကောင်းသူ ကို လူရိုးဟု မဆိုသာချေ၊ အပြင်နှုတ်လျှာသာ ချိုသာစွာ ပြောတတ်သော လူ့ပျားရည်သာ ဖြစ်သည်။ ဤသို့ မဟုတ်ပါဘဲ သစ္စာမယွင်းသော၊ မဟုတ်မမှန်သော စကားကိုမဆိုသော သစ္စာတည်သောပုဂ္ဂိုလ်သည် လူတကာတို့ မှီခိုအားထားရာဖြစ်သောကြောင့် လူထဲ တွင် နတ်သဖွယ် အများ၏ချစ်ခင်လေးစား ရိုသေခြင်း ကို ခံရပါသည်။

**သူမြတ်တို့မှာ၊ နှုတ်သစ္စာ. .** ဗောဓိသတ်နှင့်၊ သူမြတ်တို့မှာ၊ နှုတ်သစ္စာကို၊ လွန်စွာမပျက်၊ အဆက် ဆက်ပင်၊ သက်ထက်စွဲယူ၊ မြဲကြမူ။ သူတော်မနော၊ သဘောဖြောင့်စွာ၊ စိတ်သစ္စာမှ၊ သစ္စာစောင့်တတ်၊ အမျိုးမြတ်မှ၊ ကျင့်ဝယ်တည်မြဲ၊ မဖောက်လဲသည့်၊ ဝမ်းထဲသမ္မာ၊ မှန်သစ္စာမှ၊ များစွာကြည်ညွတ်၊ စုံတည် မှတ်၏။

ဆိုလိုသည်မှာ ဘုရားလောင်းသူတော်မြတ် တို့သည် မှန်ကန်သော နှုတ်ထွက်စကားကို သက်ဆုံး တိုင် မပျက်မကွက်ဘဲ မြဲမြံစွာ စောင့်ထိန်းတတ်ကြ သည်။ သူတော်ကောင်းပီပီ စိတ်သဘောဖြောင့်မတ် မှသာ သစ္စာစောင့်တတ်၏။ သစ္စာရှိပြီး အမျိုးမြတ်မှသာ ကိုယ်ကျင့်တရားကို မြဲမြံစွာ ထိန်းသိမ်းတတ်၏။ နှလုံး ဝမ်းထဲမှ ဖြောင့်မတ်မှန်ကန်မှသာ အများ၏ အားကိုး ကြည်ညိုခြင်းကိုခံရ၏။

သစ္စာနှစ်မျိုးရှိ၏။ သမုတိသစ္စာနှင့် ပရမတ္ထသစ္စာဟူ၍ ဖြစ်ပါသည်။ သမုတိသစ္စာဆိုသည်မှာ လောကနှင့် လူအများ လက်ခံနားလည်ထားသော အမှန်တရားများ ဖြစ်၏။ အခေါ်အဝေါ်. . လူ၊ ခွေး၊ ကြောင်၊ မိန်းမ၊ ယောကျ်ားစသည်တို့ ဖြစ်သည်။ ချစ်သည်၊ မုန်းသည်-စသည်ဖြင့် ဖွင့်ဟသည့် ခံစားမှုအမှန်တရားများ၊ လိမ်လည်ခြင်းမုသားတို့၏ဆန့်ကျင်ဘက်ကိုလည်း သမုတိသစ္စာဟုခေါ်သည်။ ပရမတ္ထသစ္စာဆိုသည်မှာ လောက၌ အမှန်တကယ်ရှိပြီး အမြဲမှန်ကန်သောသဘောရှိပါသည်။ ဘုရားရှင်အဆူဆူတို့သည် ပရမတ္ထသစ္စာတရားတို့၏ သဘောအမှန်ကို ကိုယ်တော်တိုင် ထိုးထွင်းသိမြင်တော်မူပြီးမှသာလျှင် ဘုရားအဖြစ်ကို ခံယူတော်မူကြပါသည်။ ၎င်းတို့မှာ စိတ် စေတသိက် ရုပ် နိဗ္ဗာန်တို့ ဖြစ်ပါသည်။

(၁) စိတ်သည် အာရုံကို သိတတ်သောသဘော ဖြစ်ပါသည်။

(၂) စေတသိက်သည် စိတ်ကိုမှီပြီး စိတ်ကို ခြယ်လှယ်နေသောသဘော ဖြစ်ပါသည်။ ဥပမာအားဖြင့်- လိုချင်တပ်မက်ခြင်းဟူသောလောဘ၊ ကြမ်းတမ်းခက်ထန်ခြင်းဟူသောဒေါသ၊ ကိုယ့်ထက်သာမနာလိုသောသဘော ဣဿာ၊ ဝန်တိုခြင်းသဘော မစ္ဆရိယ၊ ရတနာသုံးပါးကို ယုံကြည်ခြင်းဆိုသော သဒ္ဓါ စသည်တို့ ဖြစ်ပါသည်။

(၃) ရုပ်ဆိုသည်မှာ- ဖောက်ပြန်ပြောင်းလဲတတ်သောသဘောရှိပြီး

(၄) နိဗ္ဗာန်ဆိုသည်မှာကား- ဒုက္ခခပ်သိမ်းချုပ်ငြိမ်း၍ ထာဝရချမ်းသာသည့် သန္တိသုခသဘော ဖြစ်ပါသည်။ နိဗ္ဗာန်သည် သစ္စာတကာတို့၏ အထွတ်အထိပ် အန္တိမသစ္စာ ဖြစ်၏။ နိဗ္ဗာန်သည် ဘဝကွယ်လွန်ပြီးမှသာ ရောက်ရှိ နိုင်မည်မဟုတ်။ ဤပစ္စုပ္ပန်လက်ရှိအသက်တည်ဆဲ ဘဝ၌ပင် မျက်မှောက်ပြုနိုင်ပေသည်။ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးသူသာလျှင် လောကတွင် စိတ်အချမ်းသာဆုံးပုဂ္ဂိုလ် ဖြစ်ပါသည်။

နိဗ္ဗာန်၏ချမ်းသာခြင်းသဘောကို သိလိုလျှင် လောက၏ ဆင်းရဲခြင်းသဘောကို သိရန်လိုပါသည်။ လူ၊ နတ်၊ ဗြဟ္မာအစရှိသည့် သုံးဆယ့်တစ်ဘုံ တည်းဟူသော ဩကာသလောက၊ သတ္တဝါအားလုံးဟူသော သတ္တလောက၊ ကျိုးကြောင်းဆက်နွယ်မှုအရ ပြောင်းလဲနေသောသင်္ခါရလောက၊ ဤလောကသုံးပါး၌ အမှန်ရှိသော တရားများသည် စိတ်,စေတသိက်, ရုပ်တို့သာ ဖြစ်ပါသည်။ စိတ်,စေတသိက်တို့သည် အာရုံကို သိတတ်ပြီး အာရုံသို့ ကိုင်းညွတ်တတ်သော သဘောရှိသောကြောင့် နာမ်ဟုခေါ်သည်။ ရုပ်သည် အပူအအေးစသော ဆန့်ကျင်ဘက်အကြောင်းတရားများကြောင့် ဖောက်ပြန်ပြောင်းလဲတတ်သောသဘောရှိသည်။ လူ၊ နတ်၊ ဗြဟ္မာ၊ တိရစ္ဆာန်အားလုံးတို့သည် ရုပ်နှင့်နာမ်သာ ဖြစ်သည်။ ထိုတရားတို့သည် တည်မြဲသောတရား မဟုတ်၊ တခဏအတွင်း၌ပင် ချုပ်ပျက်လျှက် ရှိကြသည်။ ရုပ်နာမ်တို့၏ မမြဲခြင်းသဘောတရားကို အနိစ္စဟု ခေါ်သည်။ ဤသို့ဆက်ခါဆက်ခါ ဖြစ်ပျက်နေသော ဒဏ်ချက်တို့ဖြင့် အမြဲမပြတ်နှိပ်စက်ခံနေရသော ဆင်းရဲခြင်းသဘောကို ဒုက္ခဟုခေါ်သည်။ ရုပ်နာမ်တို့သည် ဖြစ်လာပြီးလျှင် ချက်ခြင်းပျက်ကြသည်။ မပျက်အောင်တားဆီး၍မရ၊ ပျက်သွားပြီးလျှင်လည်း မဖြစ်ပါစေနှင့်ဟု ဆုတောင်း၍မရ၊ ဤသို့ မိမိအလိုအလိုက် ခိုင်မြဲခြင်းလည်းမရှိ၊ ဖန်ဆင်းရှင်လည်း မရှိ၊ ထိုသဘောကို အနတ္တဟုခေါ်သည်။ ရုပ်နာမ်တို့၏ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောတို့ကို ထင်ထင်ရှားရှား မြင်သိလာသောအခါ ရုပ်နာမ်တရားတို့၏ ဆင်းရဲခြင်းအမှန်ဖြစ်သော ဒုက္ခသစ္စာကို မြင်လာ၏။ ရုပ်နာမ်တို့၏ ကျိုးကြောင်းဆက်နွယ်မှုတို့ကို မှန်မှန်ကန်ကန် သိမြင်လာပြီး သမုဒယသစ္စာ၊ တဏှာလောဘသည် ဆင်းရဲခြင်းအကြောင်းအမှန် ဖြစ်သည်ကို သိလာသည်။ ဘုံအားလုံးတို့၌ ရုပ်တရား၊ နာမ်တရားများသာရှိပြီး ခဏမစဲ ဖြစ်ပျက်နေကြသည့် ဆင်းရဲခြင်းအကြောင်းမှန် တဏှာချုပ်ငြိမ်းလျှင်

ဆင်းရဲခြင်းအလုံးစုံ ချုပ်ငြိမ်းပြီး ချမ်းသာအတိရှိသော နိရောဓသစ္စာ ဆိုက်ရောက်၏။ နိရောဓသစ္စာကို ဆိုက်ရောက်ရေးအတွက် ပွားများအားထုတ်ရမည့် မဂ္ဂင်ရှစ်ပါး အကျင့်တရားမှာ မဂ္ဂသစ္စာ ဖြစ်၏။ မဂ္ဂင်ရှစ်ပါးမှာ- (၁) သမ္မာဒိဋ္ဌိ= မှန်သောအမြင်ရှိခြင်း။ (၂) သမ္မာသင်္ကပ္ပ = မှန်သောအကြံ အစည်ရှိခြင်း။ (၃) သမ္မာဝါစာ = မှန်သောစကားကိုပြောဆိုခြင်း။ (၄) သမ္မာကမ္မန္တ =မှန်သောအမှုကိုပြုခြင်း။ (၅) သမ္မာအာဇီဝ=မှန်သော အသက်မွေးမှုရှိခြင်း။ (၆) သမ္မာဝါယာမ= မှန်သော လုံ့လဝီရိယရှိခြင်း။ (၇) သမ္မာသတိ=မှန်သော အောက်မေ့မှုရှိခြင်း။ (၈) သမ္မာသမာဓိ= မှန်သော စိတ်တည်ကြည်မှုရှိခြင်းတို့ဖြစ်သည်။ အကုသိုလ် အပြစ်ကင်းပြီး၊ ကောင်းသောကုသိုလ်နှင့်ဆိုင်သော အမှုမှန်သမျှကို မှန်သည်ဟု ဆိုပါသည်။

ထိုသစ္စာလေးပါးမှာ အရိယသစ္စာဖြစ်သည်။ သစ္စာလေးပါးမြတ်တရားသည် လောကတွင် အမြဲတမ်း အမှန်တကယ်တည်ရှိနေသော အမှန်တရား ဖြစ်၏။ မြတ်ဗုဒ္ဓက "ရဟန်းတို့ သစ္စာလေးပါး အမှန်တရားတို့ကို မသိခြင်းကြောင့် ငါဘုရားရော သင်တို့ပါ သံသရာ တလျှောက် ရှည်လျှားစွာ ကျင်လည်ခဲ့ရသည်"ဟူသော ဟောကြားချက်အရ သစ္စာလေးပါးမသိခြင်းမှာ သံသရာရှည်ခြင်းအကြောင်းဖြစ်၍ သစ္စာကိုသိခြင်းမှာ သံသရာပြတ်စဲကြောင်း ဖြစ်သည်မှာ ထင်ရှားပါသည်။ ဗုဒ္ဓ၏တရားတော်များသည် အခါခပ်သိမ်း တည့်မတ်၊ မှန်ကန်ကြောင်း လက်တွေ့အစမ်းသပ်ခံနိုင်သော သန္ဒိဋ္ဌိကဂုဏ်တော်နှင့် ပြည့်စုံ၏။ သတ္တဝါအပေါင်းတို့၏ စစ်မှန်သောချမ်းသာရေးအတွက် ကောင်းစွာဟောကြား ထားသည့် သွာက္ခာတဂုဏ်တော်နှင့် ပြည့်စုံ၏။ အခါမလပ် အကျိုးပေးတတ်သော အကာလိကဂုဏ်တော် နှင့်လည်း ပြည့်စုံ၏။ ထို့ကြောင့် ဓမ္မသည် သစ္စာ၊ သစ္စာ မှန်လျှင် အစွမ်းထက်သည်သာဖြစ်၏။ ဓမ္မလမ်းကြောင်း သည်သာ မှန်ကန်သော သစ္စာလမ်း ဖြစ်ပါသည်။

တအုံနွေးနွေး မရှင်းမလင်းရှိနေခဲ့သော မှန်ကန်သော ဘဝလမ်းကြောင်းပေါ် ရောက်ရှိရေး ဆန္ဒကို အကောင်အထည်ဖော်နိုင်ရန် ဆင်းရဲခြင်း အပေါင်း ချုပ်ငြိမ်းရာအကြောင်းအမှန်တရားဖြစ်သော မဂ္ဂင်ရှစ်ပါးမြတ်တရားကို တတ်အားသရွေ့ ကြိုးစား လိုက်နာကြရမည် ဖြစ်ပါသည်။ မဂ္ဂင်ရှစ်ပါးတည်းဟူသော မဂ္ဂဘာဝနာကို ပွားများခြင်းဖြင့် ဒုက္ခအပေါင်း ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ရောက်ရှိနိုင်မည် ဖြစ်ပါသည်။ ဦးသက်စိန် (ဖြူး) ရေးသားသော မြတ်ဗုဒ္ဓသာသနာ့ အခြေခံစာအုပ်၌ မဂ္ဂသစ္စာအရေးပါပုံကို ဆီမီး ဥပမာဖြင့် ဖော်ပြထားပါသည်။ ဆီမီးသည် မီးစာကို လောင်စေခြင်း၊ အမှောင်ကို ဖျောက်ခြင်း၊ အလင်းကို ပြခြင်း၊ ဆီကိုခန်းစေခြင်းကိစ္စလေးချက်ကို တပြိုင်နက် ပြုလုပ်သကဲ့သို့ မဂ်သည် ဒုက္ခကိုသိခြင်း၊ သမုဒယကို ပယ်ခြင်း၊ မဂ္ဂကိုပွားခြင်းနှင့် နိရောဓကို မျက်မှောက် ပြုခြင်းဟူသော ကိစ္စလေးချက်ကို တပြိုင်နက် ပြီးစေ၏။ အကျိုးများလှပါပေသည်။ ထိုအကြောင်းများကြောင့် ဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ညွှန်ပြသောလမ်းအမှန်၊ မဂ္ဂင်လမ်းပေါ်တွင် တည့်မတ်စွာ ရှိနေနိုင်ရေး သစ္စာ ဖြစ်ရန် ကျမတို့ ကြိုးစားကြရမည် ဖြစ်ပေသည်။

ခင်သက်တင် (ပညာရေး)

**လမ်းဖြောင့်လမ်းမှန်၊ လွန်ထက်သန်၊**
**နိဗ္ဗာန်တိုင်ရေး၊ ကြိုးစားပေး။**

**စာရေးနည်းများ အပိုင်း – ၄**

အောင်ငြိမ်းချမ်း (မန်းတက္ကသိုလ်)

## အတ္ထုပ္ပတ္တိရေးနည်း

အတ္ထုပ္ပတ္တိ ဆိုသည်မှာ ပါဠိဘာသာစကား ဖြစ်သည်။ "အကြောင်း၏ ဖြစ်ပေါ်ခြင်း"ဟု ပဒတ္ထ မဥ္ဇူသာ ပါဠိမြန်မာအဘိဓာန်က မြန်မာပြန်ဆိုသည်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ဘဝဖြစ်စဉ် ပင်ကိုယ် အရှိမှ တစ်ပိုင်းတစ်စကိုဖြစ်စေ၊ စွမ်းဆောင်မှုတစ်ခုခုကို ဖြစ်စေ ပကတိအတိုင်း မီးမောင်းထိုးပြခြင်း ဖြစ်သည်။ ဗုဒ္ဓဝင်ဇာတ်တော်များမှအစ ကျောက်စာ၊ မင်စာ၊ ရာဇဝင်စာတို့တွင် ကမ္ပည်းစာတင်ထားရသော ရဟန်း တော်များ၊ မင်း၊ မိဖုရားနှင့် သမိုင်းဝင်ပုဂ္ဂိုလ်များ အကြောင်းသည် မျက်မှောက်ခေတ် အတ္ထုပ္ပတ္တိစာပေ၏ ရှေ့ပြေး ဖြစ်ပါသည်။

တွေ့ရသော မြန်မာအတ္ထုပ္ပတ္တိစာတို့တွင် ဗုဒ္ဓုပ္ပတ္တိသည် ရှေးအကျဆုံးဖြစ်သည်။ ပုဂံခေတ်ရေးထိုး မြစေတီကျောက်စာသည် ကျန်စစ်သားမင်းနှင့် ရာဇ-ကုမာရသားတော်တို့အကြောင်းကို တစ်ခန်းတစ်ကဏ္ဍ ဖော်ပြထားသည်။ နောက်ပိုင်းတွင် ရဟန်းတော်များ၏ ထေရုပ္ပတ္တိစာရေးထိုးထားသော ကျောက်ထက် အက္ခရာများ တွေ့ရသည်။ ပေ၊ ပုရပိုက် မှတ်တမ်းများ တွင်လည်း ရဟန်းတော်များ၏ ထေရုပ္ပတ္တိက များပါ သည်။ ကျေးရွာမြို့နယ်အလိုက် ဆရာတော်သံဃာ တော်များ ပျံလွန်တော်မူသောအခါ တပည့်ဒကာတို့က မိမိတို့၏ ဆရာသမား ဂုဏ်တော်ကို ဖွင့်၍ ပူဇော်လို သောကြောင့် ဖြစ်ပါသည်။

အတ္ထုပ္ပတ္တိစာတွင် အတ္ထုပ္ပတ္တိရှင်ကိုယ်တိုင်ရေး (ကိုယ်ရေး)နှင့် တစ်ခြားလူရေး (တစ်ဆင့်ရေး)ဟူ၍ နှစ်မျိုးရှိသည်။ အင်းဝခေတ်ရေး စတုဓမ္မသာရ ကိုးခန်းပျို့ နိဂုံးတွင် ရှင်မဟာရဋ္ဌသာရကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိကိုတွေ့ရသည်။ လိုရင်းအချက်အလက်ကို တိုတိုရှင်းရှင်း ရေးထားသည်။ မှတ်တမ်းဆန်သည်။ ခရစ်နှစ် ၁၉၂၇-ခုတွင်ရှင်အာဒိစ္စဝံသ၏ "အာဒိစ္စဝံသ ထေရာပါဒါန်"သည် ဘဝတစ်ကွေ့တွင် အကောင်း အဆိုး တွေ့သမျှကို ပင်ကိုယ်အတိုင်း ဖော်ပြထားသည်။ တစ်ခေတ်ဆန်းသော အတ္ထုပ္ပတ္တိရေးဟန်ဖြစ်ပါသည်။

သက္ကရာဇ် ၁၉၄၁-ခုနှစ်တွင် "ပီမိုးနင်း၏ ပီမိုးနင်း"တွင်လည်း သူ့ဘဝကြုံတွေ့ခဲ့ရသော သုခ၊ ဒုက္ခ ကို အရင်းအတိုင်း ဖော်ပြထားသည်မှာ မျက်မှောက် ခေတ် အတ္ထုပ္ပတ္တိ ရေးဟန်ပီသလာသည်။ တက်ဘုန်း ကြီးသိန်းဖေ၏ ဆရာလွန်း အတ္ထုပ္ပတ္တိသည် ရေးဖွဲ့အား ကောင်းသဖြင့် ဝတ္ထုဆန်သည်။ နောက်ပိုင်းတွင် ဒဂုန် တာရာ၏ ဒဂုန်တာရာ၊ ဖေမြင့်၏ ဖေမြင့်၊ ပျက်အစဉ် ပြင်ခဏစသော နိုင်ငံရေးအတွေးအခေါ် အတွေ့အကြုံ တို့ကို ဦးစားပေးသော အတ္ထုပ္ပတ္တိစာများလည်း ပေါ် ထွက်လာပါသည်။

အတ္ထုပ္ပတ္တိစာ ရေးမည်ဆိုလျှင် မိမိရေးလိုသူ၏ အကြောင်း ဆိုးဆိုး၊ ကောင်းကောင်း အချက်အလက် တို့ကို ခိုင်လုံ၊ မှန်ကန်၊ ပြည့်စုံမှု ရှိနိုင်သမျှရှိအောင် ရှာဖွေ၊ မေးမြန်း၊ စိစစ်၊ မှတ်သားမှုရှေးဦးစွာ ပြုရသည်။ စိစစ်ရာတွင် ဆန္ဒ,ဒေါသ,ဘယ,မောဟကင်းမှု ရှေးရှု သင့်သည်။ ရရှိသော အချက်အလက်များမှ ဇာတ်လမ်း အရှိကို စဉ်ကြည့်ပြီးနောက် ကွင်းဆက်ပြတ်နေသော နေရာတွင် မူလဇာတ်လမ်းပီသစေရန် အကြောင်း အကျိုး ပြ၍ ဆက်စပ်ပေးနိုင်သည်။ မိမိ တင်ပြလိုသော ဇာတ်ဆောင်၏စရိုက်နှင့် ဇာတ်လမ်း အနှစ်ပေါ်လွင် စေရန် မည်သည့်အချက်ကိုမှန်၍ မည်သည့်အချက်ကို ပီပီထင်ထင်ဖော်ပြမည်ဆိုသည်ကို စိတ်ကူးပုံဖော် ကြည့်သင့်ပါသည်။

ဖော်ပြရာတွင်လည်း အချက်အလက်များ ပိသဖြင့် ဇာတ်ဆောင်၏ စရိုက်ငုတ်နေပါက မှတ်တမ်း ဆန်သော အတ္ထုပ္ပတ္တိစာ ဖြစ်မည်။ မှတ်တမ်းများလျှင်

ဇာတ်ဆောင်နှင့် ဇာတ်လမ်းပျောက်သဖြင့် ဆွဲဆောင်မှု အားပျော့စေပါသည်။ ဇာတ်ဆောင်၏ စရိုက်နှင့် သူ့ခေတ်သူ့အခါက ပတ်ဝန်းကျင်အရှိကို မျက်မှောက်ခေတ်ပတ်ဝန်းကျင်အတွေ့နှင့်ယှဉ်ဟပ်၍ ကြောင်းကျိုးပြ ဖော်ပြခြင်းသည် ဝေဖန်ရေးဆန်သော အတ္ထုပ္ပတ္တိစာဖြစ်သည်။ ဇာတ်ဆောင်၏စရိုက်ကို ဇာတ်လမ်းဇာတ်ကွက်နှင့် ထိမိစေရန်မူလဇာတ်ဆောင်စရိုက်နှင့် ဇာတ်ကျောကို ရသအဖွဲ့များနှော၍ ဖော်ပြခြင်းသည် ဝတ္ထုဆန်သော အတ္ထုပ္ပတ္တိစာဖြစ်သည်။ ဝတ္ထုဆန်သောရေးဟန်သည် စိတ်ဝင်စားဖွယ်ဖြစ်သော်လည်း မူရင်းဇာတ်ဆောင်စရိုက်နှင့် ဇာတ်လမ်းမှ အတွေးချော် သွားနိုင်သည်။ ဇာတ်ဆောင်၏ဂုဏ်ကိုသော်လည်းကောင်း၊ လုပ်ငန်းကိုသော်လည်းကောင်း၊ ထင်ရှားသောဘဝအချိုးအကွေ့ကိုသော်လည်းကောင်း တစ်ကွင်းတစ်ကွက် ဖော်ပြချက်သည် ဇာတ်ဆောင်ထက်ပြကွက်ကို ထင်ရှားစေပါသည်။

မည်သည့်ဟန်ဖြင့်ရေးသည်ဖြစ်စေ၊ အတ္ထုပ္ပတ္တိစာစစ်စစ်တွင် ဝတ္ထုမှာကဲ့သို့ ဇာတ်ဆောင်၏စရိုက်နှင့် ဇာတ်လမ်းကို စာရေးသူအကြိုက် ပြုပြင်ပြောင်းလဲဖန်တီးခွင့် မရှိပေ။ မူလအရှိကို ပကတိအတိုင်း ပီသလှပအောင် ဖော်ပြခွင့်သာရှိပါသည်။ အတ္ထုပ္ပတ္တိရှင်သည် မင်းသားကလေး ဖြစ်ခဲ့ပါလျှင် မင်းသမီးအဖြစ်သော်လည်းကောင်း၊ သစ်ခုတ်သမားအဖြစ်သော်လည်းကောင်း ပြင်၍မဖြစ်ပေ။ မင်းသားလေး၏ အဆင်အပြင် လှပပုံ၊ ပြောဟန်ဆိုဟန် ယဉ်ကျေးပုံစသော မူလဇာတ်ဆောင် စရိုက်ကို ထင်သာမြင်သာရှိအောင် အပြောက်အမွမ်းထည့်၍ ဖွဲ့နွဲ့ဖော်ပြနိုင်ခွင့်သာ ရှိပါသည်။

## ခရီးသွားမှတ်တမ်းရေးနည်း

လူသားတို့သည် လူပီပီသွားနိုင်သော အရွယ်ရောက်လျှင် အကြောင်းအမျိုးမျိုးကြောင့် အနည်းနှင့်အများ ခရီးသွားကြသည်။ ကျန်းမာရေးအတွက် လမ်းလျှောက်သည်။ ဝမ်းစာရေးအတွက် ခရီးထွက်သည်။ လုပ်ငန်းတာဝန်အရ ခရီးဆန့်ကြရသည်။ အချို့က ဗဟုသုတရှာရန်၊ အချို့ကစွမ်းအားပြရန် ခရီးသွားကြပါသည်။ စိတ်ကူးအမျိုးမျိုး၊ ရည်ရွယ်ချက်အဖုံဖုံ သွားနည်းစုံကြပါသည်။ ထိုခရီးသွားတို့က မှတ်သားဖော်ပြသောစာကို ခရီးသွားမှတ်တမ်း စာပေဟုခေါ်ပါသည်။

မြေပြင်ခရီးကို ခြေလျှင်တစ်မျိုး၊ ယာဉ်ဖြင့်တစ်သွယ်၊ တိရစ္ဆာန်ဖြင့် တစ်ဖုံသွားသူတို့တွင် ချောင်းကို ဖြတ်၊ မြစ်ကိုကျော်၊ တောင်ပေါ်လည်း တက်၊ တောသို့လည်းဝင်ကြသူများရှိသည်။ ရေခဲတောင်တက်သူနှင့် ကန္တာရခရီးကြမ်းလှမ်းကြသူများလည်း ပါဝင်ပါသည်။ ရေကြောင်း ခရီးသွားတို့တွင် မြစ်တစ်ဖက်ကမ်းသို့ လက်ပစ်ကူးသူမှအစ၊ ပင်လယ်ပြင်ကို လှေငယ်ဖြင့် တစ်ကိုယ်ရည်ဖြတ်ကူးသူများအထိ ရှိပါသည်။ ဝေဟင်ခရီးတွင် မီးပုံးပျံစီး၍ မိုင်သုံးထောင်ကျော်ခရီးသွားသူ၊ လေယာဉ်ငယ် ဖြင့်ကမ္ဘာပတ်သူ၊ ဒုံးပျံစီးပြီးလကမ္ဘာနှင့် နက္ခတ်တာရာများအထိ သွားရန်အားထုတ်သူများလည်း ရှိကြပါသည်။

မည်သည့် ခရီးသွားပင်ဖြစ်စေ အခက်အခဲကို အနည်းနှင့်အများ ကျော်လွှားကြရသည်။ သံတမန်တစ်ယောက်အနေနှင့် အစိုးရဧည့်သည်တော်အဖြစ် ကော်ဇောလှလှပေါ်တွင် ခရီးနုနုလျှောက်လှမ်းရသူများပင် စိတ်အလိုမကျ ခံစားရသည်များ ရှိနိုင်သည်။ ခရီးကြမ်းနှင့်စွန့်စားခန်းတို့ကား ဒုက္ခကမ္ဘာ အရာအထောင်တွေ့နိုင်သည်။ အသက်စွန့်ရသည်အထိလည်း ဖြစ်နိုင်သည် ဆိုခြင်းမှာ သံသယပွါးဖွယ် မရှိပါ။

ယင်းသို့ဖြစ်၍ ခရီးသွားမည့်သူသည် ကိုယ်စိတ်နှစ်ပါး ကျန်းမာကြံ့ခိုင်ရန်၊ လုံလောက်သောစွမ်းအားရှိရန်နှင့် သက်ဆိုင်ရာ ပညာရပ် အဖြာဖြာကို လေ့လာတတ်မြောက်မှု ပြည့်စုံရန်လိုအပ်ပါသည်။ ဥပမာ-သမုဒ္ဒရာ ပြင်ကျယ်ကို လှေငယ်နှင့်ဖြတ်ကူး

မည့်သူသည် ကျန်းမာကြံ့ခိုင်ရုံဖြင့် မလုံလောက်ပါ။ သင့်လျော်သောလေ့ငယ်တွင် အစာရေစာပါရုံဖြင့် မပြီးပါ။ ရေကြောင်းအတတ်နှင့် မိမိလေ့လာလိုသော ဘာသာရပ်တို့ကို သိရှိထားရန်လည်းကောင်း၊ ခရီးသွား မှတ်တမ်း ဖော်ပြတတ်ရန်လည်းကောင်း လိုအပ်ပါသည်။

ခရီးသွားသူတို့က တွေ့ကြုံမှတ်သားခဲ့သမျှကို မိမိသိသကဲ့သို့ သူတစ်ပါးလည်း သိစေလိုသော မေတ္တာစေတနာဖြင့် အိတ်သွန်ဖာမှောက်ဖွင့် ပြလေ့ရှိသည်။ ကိုယ်တိုင်ကိုယ်တွေ့ခရီးသွား အတွေ့အကြုံများကို ဖော်ပြခြင်းနှင့် စာတွေ့ခရီး၊ စိတ်ကူးခရီးကို ခြယ်မှုန်းပြခြင်းများလည်းတွေ့ရသည်။ ရှင်အုန်းညို၏ ဂါထာခြောက်ဆယ်ပျို့၊ ရှင်ဉတ္တမကျော်၏တောလား၊ ဦးသြဘာသ၏ ဟိမဝန္တာချီးမွမ်းခန်းတို့သည် စာပေဇာတ်လမ်းအရှိကို စိတ်ကူးအသိဖြင့် ခြယ်မှုန်းခြင်းဖြစ်သည်။ ရှင်မဟာရဋ္ဌသာရ၏ရွှေစက်တော်သွားတောလား၊ ကင်းဝန်မင်းကြီး၏ လန်ဒန်မြို့သွား နေ့စဉ်မှတ်တမ်းများသည် ကိုယ်တိုင်သွား၍ ကိုယ်တွေ့ခရီးအတွေ့အကြုံများ ဖော်ပြသော ခရီးသွားမှတ်တမ်းစာပေ ဖြစ်ပါသည်။

ခရီးသွားမှတ်တမ်းကို ပန်းချီဖြင့်လည်းကောင်း၊ ဓာတ်ပုံဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း ဖော်ပြလေ့ရှိသည်။ စာရေးသားဖော်ပြရာတွင် သုံးနည်းသုံးစားတွေ့ရသည်။ (၁)ကဗျာလင်္ကာ၊ (၂)လင်္ကာ၊ စကားပြေနှစ်ထွေရောနှင့် (၃)စကားပြေတို့ ဖြစ်ကြပါသည်။ ရှေးအခါက ကဗျာလင်္ကာဖြင့်ရေးအားကောင်းခဲ့သည်။ မျက်မှောက်ခေတ်တွင် စကားပြေသန့်သန့်ကို လူကြိုက်များသည်။ မည်သည့်နည်းဖြင့် ရေးသည်ဖြစ်စေ စာရေးသူ၏မေတ္တာစေတနာနှင့် ပညာအား ကောင်းသည်နှင့်အမျှ ခရီးသွားမှတ်တမ်းသည်လည်း ကောင်းကြပါသည်။

ထိုခရီးသွားမှတ်တမ်းတို့ကို သိပ္ပံပညာခရီးသွားမှတ်တမ်းနှင့် ဝိဇ္ဇာပညာဆိုင်ရာ ခရီးသွားမှတ်တမ်းဟုနှစ်မျိုးနှစ်စားခွဲခြားနိုင်သည်။ တစ်ဖန်ထိုခရီးသွားမှတ်တမ်းဖော်ပြရာတွင် (၁) သာမန်ခရီးသွားမှတ်တမ်း၊ (၂) စူးစမ်းရှာဖွေမှု ခရီးသွားမှတ်တမ်း၊ (၃)စွမ်းအားပြခရီးသွားမှတ်တမ်းနှင့် (၄)သုတေသနခရီးသွားမှတ်တမ်းဟူ၍ အကြမ်းအားဖြင့် လေးမျိုးထပ်မံခွဲခြားနိုင်သည်။

(၁)သာမန်ခရီးသွားမှတ်တမ်းမှာ ခရီးသွားဟန်လွှဲ တွေ့ရှိချက်များကို မှတ်သားဖော်ပြခြင်း ဖြစ်သည်။ (၂) စူးစမ်းရှာဖွေမှု ခရီးသွားမှတ်တမ်းသည် ဒေသသစ်၊ အကြောင်းအရာသစ် သို့မဟုတ် သိရှိပြီးအချက်ကို တိုးတက်မှု၊ ခိုင်မာမှုအတွက် ရှာဖွေဖော်ထုတ်ခြင်းဖြစ်သည်။ (၃) စွမ်းအားပြခရီးသွားမှတ်တမ်းသည် လူ၏စွမ်းအားကို အရင်းခံထားပြီး ခရီးကြမ်းကျော်ဖြတ်နိုင်ပုံကိုဖော်ပြသည်။ (၄)သုတေသနခရီးသွား မှတ်တမ်းသည် ခရီးသွား၍ သုတေသနပြုလုပ်ထားချက်များကို ရေးခြင်း ဖြစ်ပါသည်။

သမိုင်းသုတေသီများက သမိုင်းအရှိကို ရှာဖွေတွေ့ရှိထားသော အထောက်အထားများနှင့် ညှိနှိုင်းပြီး တင်ပြသည်။ ဘူမိဗေဒ သုတေသီများက ကျောက်အမျိုးအစား ခွဲခြားတွေ့ရှိချက်မှအစ၊ ဘူမိဗေဒပညာရပ်ဆိုင်ရာ အထောက်အထားများနှင့်တကွ သုံးသပ်ဆုံးဖြတ်ချက်များကို သုတေသနဟန်ဖြင့် ရေးသည်။ အချို့သော သုတေသန ခရီးသွားမှတ်တမ်းများတွင်မူ မျက်တွေ့လက်တွေ့ကို ရှေးကအဆိုအမိန့်များ၊ ခိုင်မာသောအထောက်အထားများနှင့် ညှိနှိုင်းသုံးသပ်ဆုံးဖြတ်မှတ်ယူချက်၊အကြံပြုချက်တို့ကို တင်ပြပါသည်။

ထိုသို့တင်ပြရာတွင် အချက်အလက်များကို တန်းစီရေးပြခြင်းထက် ရသဖြည့်ထားခြင်းက ပို၍ထိရောက်၊ သိလွယ်၊ စိတ်ဝင်စားဖွယ်ဖြစ်သည်။ ရသအားဖြည့်ဖော်ပြရာတွင် စာရေးသူ၏ ခံစားချက်ကို သာမညထားသည်။ တွေ့ရှိချက်ကို အဓိကထားသည်။ သာမညကို အဓိကအချက်၏ အပြောက်အမွမ်းအဖြစ်

ခပ်မှိန်မှိန်ရေးခြင်းဖြင့် အဓိကအချက်တစ်ခုနှင့် တစ်ခုဆက်စပ်မိသည်သာမက ရသအားကောင်းသဖြင့် အဓိကအချက်ကို ဖူးကြွပေါ်လွင်စေပါသည်။

"တောင်ထိပ်တစ်ခုတွင် စေတီတစ်ဆူတည်ရှိ၏" ဟုဆိုသောဝါကျမှာ မျက်မြင်တွေ့ရှိသော အဓိကအချက် ဖြစ်ပါအံ့၊ ဤသို့ တွေ့ရသည့်အတိုင်း ရေးလျှင် ရသအားနည်းသော အချက်အလက် တင်ပြမှုသာ ဖြစ်ပေမည်။ တစ်ဖန် **"<u>မြင့်သော</u>**တောင်ထိပ်တစ်ခုတွင် **<u>ထုံးဖွေးဖွေး</u>** စေတီတစ်ဆူရှိသည်။" ဆိုသောဝါကျတွင် "မြင့်သော" "ထုံးဖွေးဖွေး" စသည့် နာမဝိသေသနပုဒ်များ ထည့်သွင်းလိုက်သဖြင့် ပထမဝါကျထက် အဓိပ္ပါယ်ခံ့ညားပွားထည် နှစ်သက်ဖွယ်ဖြစ်သဖြင့် ပို၍ ရသဝင်လာသည်။ "မြင့်မြင့်မားမား" တောင်ထိပ်ဖျားတစ်ခုတွင် တည်ရှိသော ဗုဒ္ဓသရီရဓာတ်မြတ်ကိန်းဝပ်စံပယ်ရာ **<u>ထုံးဖွေးဖွေး</u>** စေတီတော်ကလေးကို အဝေးကပင် ကြည်ညိုသဒ္ဓါတိုးပွားဖွယ်ဖူးမြင်နိုင်ပါသည်" ဆိုသောတတိယဝါကျတွင်မူ ဒုတိယဝါကျထက်ပို၍ ရသဝင်ကြောင်း တွေ့ရပါသည်။

အဆိုပါတတိယဝါကျတွင် "မြင့်သော" အစား "မြင့်မြင့်မားမား"ဆိုသော နာမဝိသေသနပုဒ်ကို သုံးထားသည် "မြင့်သော"အနက်ကို ပိုမိုထင်မြင်လေးနက်စေသည်။ အသံဆင့် ဖော်ပြခြင်းကြောင့်လည်း နားဝင်ပီယံ ဖြစ်စေသည်။ ထို့ကြောင့် "မြင့်သော" အစား "မြင့်မြင့်မားမား"ကို သုံးထားသဖြင့် ရသအားတိုးပွားစေပါသည်။ တစ်ဖန် "ဗုဒ္ဓသရီရဓာတ်မြတ်ကိန်းဝပ်စံပယ်ရာ" ဆိုစကားသည် မျက်မြင် အထောက်အထား သို့မဟုတ် စာအမှတ်အသား မတွေ့ရသည်ပင်ဖြစ်စေ ဘုရားစေတီတည်လျှင် ဓာတ်တော်မွေတော်ဌာပနာသောအလေ့အထမှာ နိယာမသဘောဖြစ်သည်ကို အများကလက်ခံထားပြီးဖြစ်သည်။ ထိုစကားကိုသုံးခြင်းသည် မျက်မြင်ဖြစ်သော အဓိကအချက် "စေတီ" အကြောင်းမှလည်း ဘေးသို့မထွက်၊ အနက်ရင်းလည်း တိုးပွားစေသော စာရေးသူ၏စေတနာ သို့မဟုတ် ဖန်တီးချက်ပင် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

တတိယဝါကျ၏နောက်တွင် "ထိုစေတီအနီးတွင် ဘုန်းကြီးကျောင်းလည်းရှိ၏ဟု အဓိကအချက်ဖြစ်သော မျက်မြင်တစ်ကွက်ကို အချက်အလက်အရှိတိုင်း အဖွဲ့အဆိုမပါဘဲ ဖြည့်စွက်လိုက်သော်လည်း ဘုန်းကြီးကျောင်းသည် စေတီအဖွဲ့၏ရသအရှိန်ဟပ်ပြီး ကြည်ညိုသဒ္ဓါစိတ် ယိုဖိတ်မှု ဆက်စပ်ခံစားနိုင်ပါသည်။ ထို့ကြောင့် တတိယဝါကျသည် ပထမနှင့် ဒုတိယ ဝါကျတို့ထက် အနက်လည်းလှ၊ အသံလည်းသာ၊ စာရေးသူ၏ ခံစားမှု၊ ဖန်တီးမှုလည်းရှိသဖြင့် ရသအားဖြည့်သုတစာဟု ဆိုနိုင်ပါသည်။ စေတီအဖွဲ့နည်းတူကျောင်းကိုလည်းကောင်း၊ အခြားအချက်အလက်များကိုလည်းကောင်း ဖွဲ့မည်ဆိုပါက အင်အားရှိသော ရသအားဖြည့် သုတေသနခရီးသွားစာအဖြစ် လှူကြိုက်များပေမည်။

ယင်းသို့ဖြစ်၍ ခရီးသွားမှတ်တမ်းကောင်းတစ်ပုဒ် ပြုစုရာတွင် ကောင်းစွာလေ့လာထားသော အများအကျိုးဆောင် အကြောင်းအရာလည်းဖြစ်၊ ဖွဲ့လုံးလ အဖော်မွန်လည်းပါ၊ ရသလည်းဝင်အောင် ရေးသားဖော်ပြသင့်ကြောင်း ထင်ရှားပါသည်။

အခန်းဆက်ဖြင့် ဖော်ပြခဲ့ပြီးသော ဆောင်းပါးရေးနည်းစသည်တို့သည် စာရေးသားရာတွင် မှတ်သားဖွယ် အဓိကအချက်အလက်များကို အကျဉ်းချုပ်အားဖြင့်သာ ဖော်ပြထားခြင်း ဖြစ်ပါသည်။ အကျယ်လေ့လာလိုပါက စာရေးသူ၏ (စာရေးနည်းများ) စာအုပ်နှင့် အခြားသော စာရေးနည်းစာအုပ်တို့ကို ဆက်လက်လေ့လာကြပါရန် တိုက်တွန်းလိုပါသည်။

စာပေရေးသားခြင်းဖြင့် အများအကျိုးသည်ပိုးရွက်ဆောင်နိုင်ကြပါစေ။

အောင်ငြိမ်းချမ်း (မန်းတက္ကသိုလ်)